မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၆၄)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

၂၀၁၃ ခုနှစ်၊ မတ် ၁၃ရက်၊ ဗုဒ္ဓဟူးနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံ့ဝန်ထမ်းများအပါအဝင် နိုင်ငံသားအားလုံး၏ တစ်ဦးချင်းဝင်ငွေတိုးတက်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်သမ္မတအိမ်တော် အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၃)ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင်-

ဒီကနေ့ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်(၁/၂၀၁၃) အစည်းအဝေးမှာ ပြည်ထောင်စုလွှတ်တော်သို့ အသစ်ပြန်လည်ရေးဆွဲပေးပို့ရမည့် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုပေးကြရန် ဖြစ်ပါတယ်။

၃၁-၁၂-၂၀၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး (၃/၂၀၁၂)တွင် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေ *စာမျက်နှာ ၃ ကော်လံ ၁* ✻

အမှာစကားပြောကြား နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၃)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၁၂

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့သည် မတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းဦးဆောင်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး အပါအဝင်ကိုယ်စားလှယ်အဖွဲ့၊ KIO အမြဲတမ်းဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ် ဦးဆောင်သော KIO ကိုယ်စားလှယ်အဖွဲ့၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) မှ ကိုယ်စားလှယ်လေးဦး၊ SSPP မှ ကိုယ်စားလှယ်နှစ်ဦး၊ RCSS မှ ကိုယ်စားလှယ်နှစ်ဦး၊ NDAA မှ ကိုယ်စားလှယ်နှစ်ဦး၊ ငြိမ်းချမ်းရေး ဆွေးနွေးရေးအကျိုးဆောင်အဖွဲ့ (PCG) မှ ကိုယ်စားလှယ်လေးဦးနှင့် လေ့လာသူများအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှသံမှူးကြီး Mr.Wang Zongying နှင့်နှစ်ဦးတို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အချက်(၄)ချက်ပါ ပူးတွဲကြေညာချက်တစ်ရပ်ကို နှစ်ဖက်သဘောတူ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ပူးတွဲကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ပူးတွဲကြေညာချက်

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး အပါအဝင် ကိုယ်စားလှယ်အဖွဲ့နှင့် ကေအိုင်အို အမြဲတမ်းဗဟိုကော်မတီဝင်ဦးဆွမ်လွတ်ဂမ် ဦးဆောင်သော ကေအိုင်အိုကိုယ်စားလှယ်အဖွဲ့တို့သည် ၂၀၁၃ ခုနှစ် မတ်လ (၁၁၊ ၁၂) ရက်နေ့များတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

၂။ တွေ့ဆုံဆွေးနွေးပွဲသို့ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) မှ ကိုယ်စားလှယ်(၄)ဦး၊ SSPP မှ ကိုယ်စားလှယ်(၂)ဦး၊ RCSS မှကိုယ်စားလှယ်(၂)ဦး၊ NDAA မှ ကိုယ်စားလှယ်(၂)ဦး၊ ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့ (PCG) မှ ကိုယ်စားလှယ်(၄)ဦးနှင့် လေ့လာသူများအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှသံမှူးကြီး Mr.Wang Zongying နှင့် (၂)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

၃။ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့သည် ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးခဲ့ကြပြီး အောက်ဖော်ပြပါအချက်များကို သဘောတူညီကြပါသည်။

(က) စစ်မှန်သော နိုင်ငံရေးဆွေးနွေးပွဲများကို စတင်နိုင်ရေးအတွက် အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ ယုံကြည်မှုများကို အခြေခံပြီး ခိုင်မာသောအပစ်အခတ်ရပ်ဆိုင်းရေးရရှိသည်အထိ ဆောင်ရွက်ရန် သဘောတူညီသည်။

(ခ) ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ တွေ့ဆုံပွဲမှ ရလဒ်အဖြစ် တိုက်ပွဲများကို လျှော့ချနိုင်ခဲ့သည်ဖြစ်ရာ ဆက်လက်၍လည်း ပြဿနာဖြစ်ပွားနိုင်သော ဒေသများရှိ နှစ်ဖက်တပ်ဖွဲ့များ ဆိုင်ရာကိစ္စများကို ဆက်လက်၍ ညှိနှိုင်းဆောင်ရွက်သွားမည်။ လိုအပ်သည့် ညွှန်ကြားချက်အမိန့်များကို နှစ်ဖက်တပ်များ သက်ဆိုင်ရာ အောက်ခြေတပ်ဖွဲ့များအထိ ရောက်ရှိအောင် ညွှန်ကြားသွားရန် သဘောတူသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တာဝန်နှင့်ဝတ္တရား

လုပ်ငန်းတစ်ခုကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တာဝန်နှင့်ဝတ္တရားကားတူလှသည်ဟု မဆိုသာ။ တာဝန်သည် အလုပ်တစ်ခုကို မဖြစ်မနေလုပ်ကိုလုပ်ရမည်ဆိုသည့် သဘောပင်ဖြစ်၏။ လုပ်ငန်းတစ်ခုအပေါ် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပေးပါမည်ဟုဆိုခြင်းပင် ဖြစ်၏။

သို့ပေြာသော်လည်း ဝတ္တရားကား ထိုသို့မဟုတ်။ အလုပ်တစ်ခုအပေါ် အောင်မြင်သည် ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ဝတ်ကျေတန်းကျေသဘောမျှသာဖြစ်၏။ ကောင်းချင်ကောင်း၊ မကောင်းလည်း မတတ်နိုင်ဆိုသည့် သဘောပင်ဖြစ်၏။ ပြောမည်ဆိုလျှင် ဝတ္တရားအလုပ်သည် စေတနာနှင့်လုပ်သည့်အလုပ်ကားမဟုတ်။ အလုပ်အပေါ် စိတ်ဝင်စားစွာ လုပ်ရန်ဝေးစွ၊ စေတနာပင်မပါလှ။ ထို့ကြောင့်လည်း ဝတ္တရားဆိုသည့်အတိုင်း အပေါ်ယံမျှသာ လုပ်ခြင်းပင်ဖြစ်၏။

ကျွန်ုပ်တို့အနေဖြင့် ဤသို့သာ မည်သည့်အလုပ်မဆို ဝတ္တရားအရ လုပ်နေကြမည်ဆိုလျှင် တိုးတက်ကြီးပွားခြင်းကား ရှိကြပါဦးမည်လောဟု စဉ်းစားစရာကြီးပင်ပေါ်လာ၏။ တကယ်ပင်အောင်မြင်ခြင်းကား ရောက်တော့လိမ့်မည်မဟုတ်သည့်အတွက် အလွန်ပင်ရင်လေးစရာကောင်း၏။ ကြိုးစားအားထုတ်မှု မပါဘဲ ပေါ့ပေါ့တန်တန်လုပ်နေကြမည်ဆိုလျှင် မည်သည့်အခါမျှ လေးနက်စွာ အောင်မြင်ပြီးမြောက်ခြင်းသို့ ရောက်ရတော့မည်မဟုတ်ချေ။

လွန်ခဲ့သော မတ် ၈ ရက်တွင် လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးလိုက်သော နိုင်ငံ့ဝန်ထမ်းဥပဒေကို နိုင်ငံတော်သမ္မတကြီးက တရားဝင်လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ပြီဖြစ်၏။ ဤဥပဒေတွင် နိုင်ငံ့ဝန်ထမ်းတို့အတွက် အလုပ်တာဝန်နှင့် ခံစားခွင့်များကို တိကျစွာဖော်ပြထား၏။ ဝန်ထမ်းတို့အတွက်ထိုက်သင့်တင့်လျောက်ပတ်သော ခံစားခွင့်များ ခံစားကြရမည် ဖြစ်သကဲ့သို့ ပေးအပ်သော တာဝန်ကိုလည်း တိတိကျကျလုပ်ကိုင်ပေးရန်တာဝန်ရှိပေ၏။ စိတ်ဝင်စားစွာ ကြိုးစားအားထုတ်လုပ်ကိုင်ပေးသင့်၏။ ဆိုခဲ့ပြီးသည့်အတိုင်း တာဝန်တစ်ရပ်အရ မဖြစ်မနေ အောင်အောင်မြင်မြင်ဖြစ်အောင် ကြိုးစားအားထုတ် လုပ်ကိုင်သင့်၏။ ဝတ္တရားအရ လုပ်ကိုင်ခြင်းကိုကား အပြီးတိုင်စွန့်လွှတ်ရတော့မည်သာ ဖြစ်၏။

ကျွန်ုပ်တို့ ဝန်ထမ်းထုတစ်ရပ်လုံးအနေဖြင့် ပြည်သူကိုကိုယ်စားပြုသည့် ပြည်သူ့ဝန်ထမ်းများပီပီ ပြည်သူတို့၏ အကျိုးစီးပွားကို ရှေးရှုကုန်ကြလျက် မိမိတို့ထမ်းဆောင်နေရသော ကျရာတာဝန် အသီးသီးတို့၌ ဝတ္တရားအရ လုပ်ကိုင်ခြင်းမဟုတ်ဘဲ တာဝန်တစ်ရပ်အဖြစ် စွဲမြဲစွာ မှတ်ယူလျက်လုပ်ကိုင် ဆောင်ရွက်အပ်ပါကြောင်း။ ။

ရဲတပ်သားသစ် သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မတ် ၁၂

အမှတ်(၂)ရဲလေ့ကျင့်ရေး သင်တန်းကျောင်း (ဝက်ထီးကန်)၌ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က စတင်ဖွင့်လှစ်ခဲ့သည့် ရဲတပ်သားသစ် (ဒုတိယပိုင်း) သင်တန်းအမှတ်စဉ် (၆/၂၀၁၂) ဆင်းပွဲကို မတ် ၈ ရက် နံနက် ၇ နာရီက အဆိုပါသင်တန်း ကျောင်း ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီးအောင်စိုးဝင်းက သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၄၄ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

ရန်ကုန် မတ် ၁၂

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ပံ့ပိုးမှုဖြင့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းက ပူးပေါင်းဆောင်ရွက်သော စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့ရှိ ပြည်သူလူထုအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း ဖွင့်ပွဲအခမ်းအနားကို မတ် ၉ ရက် နံနက် ၉ နာရီက ဟုမ္မလင်းမြို့အားကစားခန်းမ၌ကျင်းပရာ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း နာယက ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကက သြဝါဒကထာမိန့်ကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် မျက်စိကွယ်သူ ၃၉ သန်းနှင့် အမြင်ချို့တဲ့သူ (မျက်စိမှုန်သူ) ၂၄၆ သန်း ရှိကြောင်း၊ အမြင်ချို့တဲ့သူများ၏ ၈၀ ရာခိုင်နှုန်းသည် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများဖြစ်ကြောင်း၊ မျက်စိမှုန်ခြင်း၏ အဓိကအကြောင်းရင်းမှာ မျက်မှန်လိုအပ်ခြင်းနှင့် အတွင်းတိမ်ရောဂါများကြောင့် ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် National Vision 2020 ကို ချမှတ်ပြီး သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်တွင် ကာကွယ်ကုသ၍ရသော မျက်စိကွယ်ခြင်းများ ကင်းစင်ပပျောက်စေရန်၊ မျက်စိကွယ်နှုန်းကို ၀ ဒသမ ၅ ရာခိုင်နှုန်းအောက် လျော့ကျစေရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း။

အကြောင်း အမျိုးမျိုးကြောင့် မျက်စိကုဌာနများသို့ လာရောက်ပြီး ကုသမှုမခံယူနိုင်သော မျက်စိဝေဒနာရှင်များအား မျက်စိအထူးကုဆရာဝန်ကြီးများက ကျေးရွာများအထိ ကွင်းဆင်းပြီး ကုသပေးလျက်ရှိရာ အခမဲ့ မျက်စိခွဲစိတ်ကုသမှု ခရီးစဉ် ၁၀၀ ကျော်တွင် ပြင်ပလူနာ ၁၄၀၀၀၀ ကျော် ကြည့်ရှုပေးနိုင်ခဲ့ပြီး အတွင်းတိမ်ခွဲစိတ်မှုပေါင်း ၃၅၀၀၀ ကျော် ဆောင်ရွက်နိုင်ခဲ့ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းအဖွဲ့ဥက္ကဋ္ဌ ဦးရိုက်ဝင်းက အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖ ဦးထွန်းရွှေက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရွှေပါရမီတောရ ဆရာတော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးနှင့်အဖွဲ့သည် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိသော ဟုမ္မလင်းမြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ အခမဲ့ မျက်စိခွဲစိတ်ကုသမှုခံယူပြီးသော လူနာများအား မျက်မှန်များ အခမဲ့ တပ်ဆင်ပေးပြီး ခွဲစိတ်ခန်းအတွင်း မျက်စိခွဲစိတ်ကုသနေမှု၊ မျက်စိခွဲစိတ်ပြီး လူနာများအား မျက်စိအထူးကုဆရာဝန်ကြီးက ဆောင်ရန်/ရှောင်ရန်များ ရှင်းလင်းပြောကြားမှု၊ အထွေထွေရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ကလေး၊ သွားနှင့်ခံတွင်းရောဂါကုသခြင်း ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဟုမ္မလင်းမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများမှ ပြည်သူလူထုအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အစီအစဉ်ကို စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မောင်အေး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး) ဒေါက်တာ ဒေါ်နီလာသိန်း၊ မော်လမြိုင်၊ စစ်တွေ၊ ပဲခူးနှင့် မအူပင်ပြည်သူ့ဆေးရုံကြီးများနှင့် ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးတို့မှ မျက်စိအထူးကုဆရာဝန်များ၊ သူနာပြုများ၊ မျက်မှန်ကျွမ်းကျင်သူများက အတွင်းတိမ်၊ ရေတိမ်၊ မျက်တောင်မွေးစိုက်၊ မျက်မွေးစိုက်လူနာများအား အခမဲ့ခွဲစိတ်ကုသခြင်း၊ မျက်စိစစ်ဆေးပေးပြီး အခမဲ့မျက်မှန်တပ်ဆင်ပေးခြင်း၊ အထွေထွေရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ သွားနှင့်ခံတွင်းရောဂါလူနာများအား ဟုမ္မလင်းပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၊ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ လုပ်အားဒါန အထူးကုဆရာဝန်ကြီးများက မတ် ၈ ရက်မှ ၁၂ ရက်အထိ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို ဆောင်ရွက်ပေးကြမည်ဖြစ်သည်။

တပ်ဆင်ပေးခဲ့

မတ် ၉ ရက် မွန်းလွဲပိုင်းအထိ ဟုမ္မလင်းမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများဖြစ်သော လေရှီး၊ ခန္တီး၊ မော်လိုက်နှင့် ဖောင်းပြင်မြို့နယ်တို့မှ ဒေသခံတိုင်းရင်းသား မျက်စိခွဲစိတ်လူနာ ၈၃ ဦး၊ မျက်စိပြင်ပလူနာ ၁၆၃၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ လူနာ ၂၂၂ ဦး၊ ကလေးရောဂါလူနာ ၉၀၊ သွားနှင့်ခံတွင်းရောဂါလူနာ ၁၈၈ ဦး၊ အထွေထွေရောဂါလူနာ ၅၀၃ ဦး စုစုပေါင်း လူနာ ၂၇၂၂ ဦးတို့အား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ခဲ့ပြီး မျက်မှန်လိုအပ်သူ ၂၉၇ ဦးအား အခမဲ့မျက်မှန်များ တပ်ဆင်ပေးခဲ့သည်။

(သတင်းစဉ်)

ကညင်ကျိုးဒေသဖွံ့ဖြိုးရေး ဝိုင်းဝန်းဆောင်ရွက်ပေးစေလို

ပဲခူးတိုင်းဒေသကြီး ရွှေစတုဂံလေးမြို့နယ် (ညောင်လေးပင်၊ ကျောက်တံခါး၊ ရွှေကျင်၊ ကျောက်ကြီး) စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ကျေးလက်ဒေသနေပြည်သူများသည် ယခင်က ရွာမှနေ၍ ရန်ကုန်-မန္တလေး ကားလမ်းမကြီးသို့ သွားလိုလျှင် လယ်ကွင်းကိုဖြတ်၍ ခြေကျင်လေးမိုင်ခန့် လမ်းလျှောက်ပြီးမှ ကားလမ်းနှင့် နီးစပ်ရာ ပိန်းဇလုပ်ကျေးရွာအုပ်စုသို့ နှစ်ပေါင်းကြာမြင့်စွာ သွားလာနေရာမှ ယခင်အစိုးရလက်ထက်တွင် ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ် နှစ်မြို့နယ် ကျေးရွာချင်းဆက် ဂဝံလမ်း၊ တံတား၊ ပိန်းဇလုပ်-ရွာမ-ကညင်ကျိုးလမ်းကို တည်ဆောက်ဖောက်လုပ်ပေးခဲ့၍ ကျေးလက်နေပြည်သူများ သွားလာမှုပိုမိုလွယ်ကူတိုးတက်စေခဲ့ပေသည်။

ယခုအခါ ယခင်အစိုးရလက်ထက်က တည်ဆောက်ဖောက်လုပ်ပေးထားသည့် ညောင်လေးပင်မြို့နယ်အပိုင်း ခင်ကန့်လန့်အရှေ့ဘက်ရှိ တံတားတစ်စင်းသည် ကြမ်းခင်းများ ကျိုးပေါက်ပျက်စီးနေမှုနှင့် ကျောက်

ညောင်လေးပင်မြို့နယ်အပိုင်း တံတားကြမ်းခင်းများ ကျိုးပေါက်ပျက်စီးနေသည်ကို ကျေးရွာနေပြည်သူများ ပြုပြင်နေမှုမြင်ကွင်း။

တံခါးမြို့နယ်အပိုင်း ဂဝံလမ်းအချို့မှာလည်းဆိုးရွားစွာ ပျက်စီးနေပေသည်။ ယင်းပျက်စီးနေမှုများကို ကျေးရွာနေပြည်သူများအနေဖြင့် တစ်ပိုင်တစ်နိုင် ပြုပြင်သွားလာနေသည်မှာ နှစ်တိုင်းလိုလိုဖြစ်နေသည်။ အဆိုပါလမ်းမှာ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းရှိ ဟသ်ာဝဲ၊ ပြည်တော်သာကျွန်းကြီး၊ ထိုးဝါးစိုက်၊ လှေတန်းကျွန်းကြီး၊ အလယ်ကျွန်း၊ ကရင်ကျွန်းကြီး၊ ဝဲမှူး၊ လိမ်ပင်ဝဲ၊ ကညင်ကျိုး အစရှိသည့်ကျေးရွာပေါင်း ၁၃ ရွာမှ လယ်ယာထွက်ကုန်များကို အဆိုပါလမ်းမှသယ်ယူကြရပြီး လမ်းတံတားပျက်စီး၍ ကုန်စည်သယ်ဆောင်မှုနှင့် လမ်းပန်းသွားလာမှုတို့တွင် အခက်အခဲများ ကြုံတွေ့နေရပေသည်။

ထို့ကြောင့် ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ် ကျေးရွာချင်းဆက် ပိန်းဇလုပ်၊ ရွာမ၊ ကညင်ကျိုးလမ်းပေါ်ရှိ ညောင်လေးပင်မြို့နယ်အပိုင်း တံတားအချို့ ကြမ်းခင်းများ ပျက်စီးနေမှုနှင့် ကျောက်တံခါးမြို့နယ်အပိုင်း ဂဝံလမ်းအချို့ ပျက်စီးနေမှုကို ကျေးလက်နေပြည်သူများက သင့်လျော်သလို စီမံမှုများဖြင့် ပြုပြင်ပေးစေလိုကြောင်း ဒေသခံပြည်သူများ၏ အနာဂတ်ဘဝ ဆက်လက်ရှင်သန်ရေးနှင့် ရွှေစတုဂံလေးမြို့နယ် ကညင်ကျိုးဒေသ ဖွံ့ဖြိုးရေးအတွက် ရေးသားလိုက်ရပါသည်။

ပိန်းဇလုပ်-သိန်းညွန့်

ထင်သာမြင်သာ ပြုပြင်စရာ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(ရမည်းသင်း) မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဇော်ဝင်းအား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

သံအမတ်ကြီး ဦးမင်းသိန်း နယူးဇီလန်နိုင်ငံဘုရင်ခံချုပ်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၁၂

နယူးဇီလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းသိန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ဝယ်လင်တန်မြို့၌ နယူးဇီလန် နိုင်ငံ၊ ဘုရင်ခံချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆာဂျယ်ရီမတ်တေးပါရိုင်းထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

* ရှေ့ဖုံးမှ

ငွေစာရင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ၇-၁-၂၀၁၃ ရက်နေ့က ပေးပို့ခဲ့ပါတယ်။ ဒီကနေ့အထိ ကျင်းပပြုလုပ်နေဆဲဖြစ်တဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ၂၀၁၃ ခု၊ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းအပေါ် ဆွေးနွေးခဲ့ကြပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုပေးခဲ့သည်ကို တွေ့ရှိရပါတယ်။ ယင်းသို့စီမံကိန်းဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲရသည့်အတွက် ပြင်ဆင်ရေးဆွဲထားသော စီမံကိန်းများနှင့်အညီ ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းကိုလည်း ပြန်လည်ရေးဆွဲ ပေးပို့နိုင်ပါရန် ပြည်ထောင်စု လွှတ်တော်က ၄-၃-၂၀၁၃ ရက်နေ့တွင် မိမိတို့အစိုးရအဖွဲ့ထံ အကြောင်းကြားခဲ့ပါတယ်။ ဒါကြောင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည့် စီမံကိန်းဥပဒေနှင့်အညီ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ယခုပြန်လည် ရေးဆွဲတင်ပြလာသော ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုပေးကြဖို့ ဖြစ်ပါတယ်။

ရေးဆွဲထား

ယခု ၂၀၁၃-၂၀၁၄ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်း (ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ) အခြေအနေမှာ စုစုပေါင်းရငွေကျပ် ၁၃၈၀၅. ၃၈၇ ဘီလီယံ၊ စုစုပေါင်းသုံးငွေ ကျပ် ၁၆၇၃၂. ၂၈၅ ဘီလီယံဖြစ်သဖြင့် လိုငွေကျပ် ၂၉၂၆. ၈၉၈ ဘီလီယံဖြစ်ပါတယ်။ ဂျီဒီပီတန်ဖိုးမှာ ကျပ် ၅၉၂၄၈. ၉၅၃ ဘီလီယံဖြစ်သဖြင့် လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၄. ၉၄ ရာခိုင်နှုန်း ဖြစ်ပါတယ်။ စုစုပေါင်းရငွေ၊ စုစုပေါင်းသုံးငွေနှင့် လိုငွေကိန်းဂဏန်းများသည် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်အတည်ပြုထားသည့် ၂၀၁၃ခု၊ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ကိုက်ညီအောင် ပြန်လည်ရေးဆွဲထားသည့် ကိန်းဂဏန်းများဖြစ်ကြပါတယ်။ ပြည်ထောင်စုလွှတ်တော်က စီမံကိန်းဥပဒေကြမ်းကိုပြင်ဆင်ရာတွင် အချို့စီမံကိန်းများကိုဆိုင်းငံ့ခြင်း၊ လျှော့ချခြင်းများကို ပြုလုပ်ပြီး အချို့စီမံကိန်းလုပ်ငန်းများကို ထပ်တိုးထည့်သွင်းစေခဲ့သည့်အတွက် အသုံးစရိတ်လျှော့ချမှုနှင့် အသုံးစရိတ်တိုးမြှင့်မှုတို့ကို တတ်နိုင်သမျှ ဘက်ညီစေရန် ဆောင်ရွက်ခဲ့သည့်အပြင် ရငွေလျာထားချက် အပိုင်းကိုပါ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ ပြန်လည်ရေးဆွဲထားကြောင်း တွေ့ရှိရပါတယ်။

အပြောင်းအလဲရှိ

ယခင်တင်ပြခဲ့သည့် စာရင်းနှင့် နှိုင်းယှဉ်ပါက နိုင်ငံတော်၏ရသုံးခန့်မှန်းခြေငွေစာရင်း (ပြည်ထောင်စု+တိုင်းဒေသကြီး/ပြည်နယ်) ၏ သာမန်အသုံးစရိတ်အပိုင်းတွင် ကျပ် ၃၄၃. ၈၇၁ ဘီလီယံ တိုးမြှင့်လာခြင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်အပိုင်းတွင် ကျပ် ၁၈၅. ၇၅၃ ဘီလီယံ လျော့ကျသွားခြင်း၊ ကြွေးမြီအသုံးစရိတ်အပိုင်းတွင် ကျပ် ၁၀ ဘီလီယံ တိုးမြှင့်လာခြင်းတို့ကိုတွေ့ရှိရပြီး သာမန်ရငွေအပိုင်းတွင် ၂၅၀ ဘီလီယံ တိုးမြှင့်လာခြင်းနှင့် ကြွေးမြီရငွေအပိုင်းတွင် ၉၂. ၆၄၆ ဘီလီယံလျော့ကျသွားခြင်းကို တွေ့ရှိရပါတယ်။ ပြည်ထောင်စုအဆင့်တွင်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင်လည်း သာမန်သုံးငွေတွင် အပြောင်းအလဲရှိခဲ့ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများနဲ့ တပ်မတော်(ကြည်း၊ရေ၊လေ)ဝန်ထမ်းများရဲ့ လစာနှင့်စရိတ် နေ့စားလုပ်ခများကို ခေတ်ကာလအခြေအနေနဲ့ ဆီလျော်မှုရှိစေရန် တိုးမြှင့်ပေးနိုင်ရေးနှင့် လက်ရှိခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေးနှင့် ဝေးလံခေါင်သီဒေသရှိ ဝန်ထမ်းများအတွက် ဒေသစရိတ်တို့ကိုလည်း ဆက်လက်ခံစားခွင့်ပြုနိုင်ရေးအတွက် ထည့်သွင်းလျာထားပါတယ်။ ယင်းသို့ လစာနှုန်းထားနှင့် ပင်စင်လစာနှုန်းထား တိုးမြှင့်ရန်လျာထားမှုများအတွက် နိုင်ငံတော်မှ ယခင်နှစ်ကထက် ကျပ် ၃၈၅ ဘီလီယံခန့်ကို ပိုမိုသုံးစွဲရမှာ ဖြစ်ပါတယ်။

ပြောကြား

၁-၁-၂၀၁၃ရက်နေ့က ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များထံသို့ နိုင်ငံတော်သမ္မတကပေးပို့ခဲ့သော နှစ်သစ်ကူးသဝဏ်လွှာတွင်လည်း ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို တစ်နှစ်ထက်တစ်နှစ် ပိုမိုစနစ်ကျစွာ ပြဋ္ဌာန်းနိုင်မည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများ၏ ထောက်ပံ့ကြေးများကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ပေးနိုင်တော့မှာဖြစ်ကြောင်း ပြောကြားထားပြီးလည်း ဖြစ်ပါတယ်။

ယခု ပြင်ဆင်ရေးဆွဲတင်ပြလာသော ရသုံးခန့်မှန်းခြေငွေစာရင်းများသည် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည့်၂၀၁၃ ခု၊ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနဲ့ကိုက်ညီစေရန် ပြန်လည်ရေးဆွဲထားခြင်းဖြစ်သည့်အတွက် ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်များက ဆွေးနွေးအတည်ပြုပေးကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်အတည်ပြုထားသော ၂၀၁၃ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေနှင့်ကိုက်ညီစေရန် ပြန်လည်ရေးဆွဲထားသည့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့က ဘဏ္ဍာရေးဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် -

ဒီကနေ့ အစည်းအဝေးက ပြန်လည်အတည်ပြု ထောက်ခံသည့် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည်ပေးပို့မှာ ဖြစ်ပါတယ်။

အကောင်အထည်ဖော်

ကျင်းပနေဆဲဖြစ်တဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အထက်ပါ ရသုံးခန့်မှန်းခြေငွေစာရင်းနဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုပြီးပါက ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့ကဦးဆောင်၍ ဘဏ္ဍာငွေအရအသုံး လျာထားချက်ဘောင်များအတွင်း ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေပါ ရည်မှန်းချက်များကို ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအပါအဝင် နိုင်ငံသားအားလုံး၏ တစ်ဦးချင်းဝင်ငွေ တိုးတက်စေရေးကို ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းများအား ခံစားခွင့်များကို အခြေအနေ အချိန်အခါနှင့် လျော်ညီစွာ တိုးမြှင့်ပေးပြီး သန့်ရှင်းသောအစိုးရ (Clean Government) ဖြစ်ရေးနှင့် ကောင်းမွန်သောစီမံအုပ်ချုပ်မှုစနစ် (Good Governance) ဖြစ်စေရေး လုပ်ငန်းစဉ်တွင် ဝန်ထမ်းများတက်ကြွစွာပါဝင်ဆောင်ရွက်စေရန်လည်း ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေနဲ့လည်း နိုင်ငံ့ဝန်ထမ်းများ၏ ရပိုင်ခွင့်ကို ပြည့်ပြည့်ဝဝခံစားရရှိစေရန်၊ ဝန်ထမ်းများ၏ ကိုယ်ရည်ကိုယ်သွေးနှင့်အရည်အချင်းများ မြှင့်တင်ရန်နှင့် အဖွဲ့အစည်း၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန် ကြပ်မတ်ကွပ်ကဲဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်၏နှစ်စဉ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ပြည်ထောင်စုအစိုးရအဖွဲ့က စနစ်တကျစိစစ်ရေးဆွဲတင်ပြပြီး အစိုးရနှင့်လွှတ်တော်အကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်နေခြင်းကြောင့်လည်းကောင်း၊ နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေကို စနစ်တကျလေ့လာ စောင့်ကြပ်ထိန်းညှိ ဆောင်ရွက်နေမှုကြောင့်လည်းကောင်း နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေမှာ ပိုမိုတိုးတက်ကောင်းမွန်မည့် အလားအလာများ တွေ့နေရပါတယ်။

နိုင်ငံတော်၏ဘဏ္ဍာရေးအခြေအနေ တိုးတက်ကောင်းမွန်စေရေးအတွက် နှစ်စဉ်နိုင်ငံတော်၏ ရငွေတိုးတက်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲ အသုံးချဆောင်ရွက်ခြင်း၊ သုံးငွေသုံးစွဲမှုများကိုလည်း အလေအလွင့်မရှိစေဘဲ စနစ်တကျသုံးစွဲခြင်းများ လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်ဝင်ငွေများ တိုးတက်ရရှိစေရေး၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများထံမှ ရငွေများတိုးတက်ရရှိစေရေး၊ အချို့သော ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များကို ပြည်ပအကူအညီရငွေ၊ ပြည်ပမှ အတိုးနှုန်းသက်သာသည့် ချေးငွေများဖြင့် သုံးစွဲဆောင်ရွက်ရေး၊ ဌာနဆိုင်ရာ ရုံးအသုံးစရိတ်များ အောက်ခြေအဆင့်အထိ စနစ်တကျခွဲဝေသုံးစွဲရေး၊ ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်များ တိုးမြှင့်သုံးစွဲရာတွင် တိုက်ရိုက်အထောက်အကူပြုသော အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရေး၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ အမျိုးသားစီမံကိန်းများနှင့်အညီ ရေးဆွဲထားသောဘဏ္ဍာငွေ အရအသုံးလျာထားချက်အတိုင်း သုံးစွဲ၍မိမိတို့၏စီမံကိန်းရည်မှန်းချက်များကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြပါ။ နိုင်ငံတော်ဘဏ္ဍာငွေများကို စနစ်တကျ အလေအလွင့်မရှိစေဘဲ ထိရောက်စွာ အသုံးချဆောင်ရွက်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ကြပါ။ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူတစ်ရပ်လုံး စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေး၊ တစ်ဦးကျဝင်ငွေတိုးတက်ရေးတို့ကို မျက်ခြည်ပြတ်မခံဘဲ အလေးအနက်ထားဆောင်ရွက်ကြဖို့ တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

UNIQUE STAR TRAVELS & TOURS
Promotion (၃)ညီး ဝယ်လျှင် + (၁)ညီး အခမဲ့
Mar:23, Apr:10,11,12,13 (350,000)
Mar:23,Apr:11,12,13,17 (185,000)
Mar:23,Apr:13 (175,000) | Mar:23,Apr:11,13 (175,000)
Mar:23,Apr:12 (175,000) | Mar:23,Apr:11,13 (185,000)
Mar:23,Apr:12 (195,000) | Apr:11,13 (265,000)
Hotel Max Mar:23 (75,000) | Apr:11,13 (265,000)
(5),Ground Fl, Asia Plaza, Ph. 391 372, 391 373, 708 353, 705 723, 09- 514 8079
70(A), Kabaraye Pagoda Rd,09-7310 9133,09-7310 9144,09-7310 9155, 09-7310 9166

UNIQUE STAR TRAVELS & TOURS
KOREA AIRLINE (20DAYS/19NIGHTS) APRIL 9~28 (6,000,000)
(SAN FRANCISCO,LOS ANGELES,LAS VEGAS,NEW YORK,WASHINGTON,HARRISBURG,CORNING,NIAGARA FALL)+HONOLULU
TG APRIL 9~22/9~24,11~24/11~26 (4,500,000)
(FRANCE,ITALY,SWITZERLAND,GERMANY,NERTHERLAND,BELGIUM,AUSTRIA,LEICHTENSTEIN,VATICAN)+UNITED KINGDOM
TG (SYDNEY,BLUE MOUNTAIN,MOUNT BULLER,MELBOURNE,CANBERRA) APRIL 10~18 (3,400,000)
EVERY (SAT:) (550,000) | APR:12,13 (1,700,000)
APR:11,12 (850,000) | APR:10,11 (1,400,000)
APR:10,12,13 (1,250,000) | APR:10,11,12,13 (1,400,000)
APR:10,13 (1,700,000) | TG APR:10,13 (2,000,000)
APR:10,12 (1,700,000) | TG APR:9,10,13 (2,800,000)

နိုင်ငံတကာသတင်း

၂၀၁၃ ခုနှစ် ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်များစာရင်းထုတ်ပြန်

လော့စ်အိန်ဂျလိစ် မတ် ၁၂

ကမ္ဘာတစ်ဝန်းမှ အချမ်းသာဆုံးပုဂ္ဂိုလ်များစာရင်းကို အမေရိကန်အခြေစိုက် ဖော်ဘီးစ်မဂ္ဂဇင်းက မတ် ၁၁ ရက်တွင် စာရင်းထုတ်ပြန်ခဲ့ရာ ကမ္ဘာတစ်ဝန်း စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့နေရသော်လည်း ကမ္ဘာ့ဘီလျံနာသူဌေးကြီးများဦးရေမှာ ယခင်နှစ်ကထက် တိုးတက်များပြားလာခဲ့ကြောင်း ဖော်ပြသည်။

၂၀၁၃ ခုနှစ်၏ ကမ္ဘာ့အချမ်းသာဆုံးသူဌေးကြီးများဦးရေသည် ကမ္ဘာတစ်ဝန်း၌ ၁၄၂၆ ဦးအထိ ရှိနေရာ ၂၀၁၂ ခုနှစ်ကထက် သူဌေးကြီးဦးရေ ၂၁၀ ပိုမိုများပြားလာခဲ့သည်။ ယင်းမှာ ကမ္ဘာတစ်ဝန်း၌ ဘီလျံနာသူဌေးကြီးများဦးရေတိုးမြင့်လာခြင်းကို ပြသနေခြင်းဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်သည်။

ထို့အတူ ဘီလျံနာသူဌေးကြီးများ၏ ငွေကြေးကြွယ်ဝချမ်းသာမှု စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ထရီလီယံရှိခဲ့ရာ ၂၀၁၂ ခုနှစ်က ဘီလျံနာသူဌေးကြီးများ၏ ငွေကြေးပိုင်ဆိုင်မှု စုစုပေါင်း ၄ ဒသမ ၆ ထရီလီယံထက် ပိုမိုများပြားခဲ့သည်။

ယခု ၂၀၁၃ ခုနှစ်၌ ကမ္ဘာ့အချမ်းသာဆုံးသူဌေးကြီးများအနက် အမေရိကန်နိုင်ငံသား ဘီလျံနာသူဌေးကြီးဦးရေသည် ၄၄၂ ဦးရှိနေရာ နိုင်ငံအလိုက် သူဌေးကြီးများဦးရေ အများဆုံးပင်ဖြစ်သည်။

အမေရိကန်နိုင်ငံနောက်တွင် အရှေ့အာရှနိုင်ငံများမှ သူဌေးကြီးဦးရေ ၃၈၆ ဦး၊ ဥရောပမှ ၃၆၆ဦး၊ အမေရိကနိုင်ငံများမှ ၁၂၉ ဦး၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများမှ ၁၀၃ ဦးတို့ ဖြစ်ကြသည်။ အဆိုပါ ဘီလျံနာသူဌေးကြီးများအနက် အချမ်းသာဆုံးပုဂ္ဂိုလ်မှာ မက္ကဆီကိုနိုင်ငံမှ ကားလို့စ်ဆလမ်ဟီလူ ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၇၃ ဘီလီယံကြွယ်ဝသည်။

အမေရိကန်နိုင်ငံမှ ဘီလ်ဂိတ်က အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံကြွယ်ဝချမ်းသာသည်။ ၂၀၁၃ ခုနှစ်အတွင်း အမျိုးသမီးဘီလျံနာဦးရေလည်း တိုးတက်ခဲ့ရာ စုစုပေါင်း ၁၃၈ ဦးအထိရှိလာခဲ့သည်။ ယင်းဦးရေသည် ၂၀၁၂ ခုနှစ်က အမျိုးသမီးဘီလျံနာဦးရေ ၁၀၄ ဦးထက် ပိုမိုများပြားခဲ့သည်။

(ပရက်စ်တီဗွီ)

ဆူနာမီ နှစ်နှစ်ပြည့် နှစ်ပတ်လည် ဂျပန်၌ပြုလုပ်

ဆန်ဒိုင်း မတ် ၁၂

ဂျပန်နိုင်ငံက ၂၀၁၁ ခုနှစ် ဆူနာမီဘေးဒဏ် ကြုံတွေ့ရမှု၏ နှစ်နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားများကို မတ် ၁၁ ရက်က ဂျပန်နိုင်ငံနေရာအများအပြား၌ ကျင်းပခဲ့သည်။ (အပေါ်ပုံ)

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ၂၀၁၁ ခုနှစ်က ဆူနာမီနှင့် ငလျင်ဒဏ်တို့အပြင် နျူကလီးယားစက်ရုံ မတော်တဆမှုကြောင့် လူပေါင်း ၁၈၀၀၀ ကျော်သေဆုံးမှုနှင့် ပျောက်ဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းဖြစ်ပေါ်မှုသည် ၁၉၈၆ ခုနှစ်က ချာနိုဘိုင်း နျူကလီးယားစက်ရုံ မတော်တဆမှု ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အဆိုးရွားဆုံး ဘေးဒုက္ခကြုံတွေ့ရမှုဖြစ်သည်။

နှစ်နှစ်မြောက် နှစ်ပတ်လည် ဝမ်းနည်းအောက်မေ့ဖွယ်ရာအခမ်းအနားများကို တိုကျိုမြို့အပါအဝင် အခြားနေရာများ၌လည်း ကျင်းပခဲ့သည်။ မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီ ၄၆ မိနစ်တွင် ဂျပန်နိုင်ငံတစ်ဝန်းရှိ ပြည်သူများ ခေတ္တငြိမ်သက်နေခဲ့ကြသည်။

ဂျပန်နိုင်ငံတွင် လွန်ခဲ့သည့် ၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က အင်အား ရစ်ချ်တာစကေး ၉ အဆင့်ရှိ ငလျင်လှုပ်ခဲ့ပြီး ဆူနာမီရေလှိုင်းများဖြစ်ပေါ်ကာ ရိုက်ခတ်ခံခဲ့ရခြင်းဖြစ်သည်။ အချို့ဂျပန်မိသားစုများက ဆူနာမီရိုက်ခတ်ခံခဲ့ရသော ကမ်းခြေတစ်လျှောက်တွင် မတ် ၁၁ ရက် နံနက်ပိုင်းက သွားရောက်ကာ ဆုတောင်းမှုများ ပြုလုပ်ခဲ့ကြသည်။ **(ဆင်ဟွာ)**

မြောက်ကိုရီးယားမှ သတိပေးချက်ရှိနေလင့်ကစား တောင်ကိုရီးယားနှင့် အမေရိကန်တို့ စစ်ရေးလေ့ကျင့်

ဆိုးလ် မတ် ၁၂

မြောက်ကိုရီးယား၏ သတိပေးချက်များရှိနေလင့်ကစား တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် ၄င်းတို့၏ နှစ်ပတ်လည်ပူးပေါင်းစစ်ရေးလေ့ကျင့်မှုများကို ကိုရီးယားကျွန်းဆွယ်အနီးတွင် စတင်ပြုလုပ်လျက်ရှိကြောင်း မတ် ၁၂ ရက်က ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ (အောက်ဝဲပုံ)

ရက်သတ္တတစ်ပတ်ကြာ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုကို မတ် ၁၁ ရက်က စတင်ပြုလုပ်ပြီးနောက် ပြုံယမ်းနှင့် ဆိုးလ်တို့သည် ၎င်းတို့၏ အရေးပေါ်ဆက်သွယ်သည့် ဆက်သွယ်ရေးဖုန်းလိုင်းများကို ဖြတ်တောက်ခဲ့သည်ဟု ဆိုသည်။ မြောက်ကိုရီးယားသည် ၁၉၇၁ ခုနှစ်က စတင်တပ်ဆင်ခဲ့သည့် ကြက်ခြေနီ အရေးပေါ်ဖုန်းလိုင်းကိုလည်းဖြတ်တောက်ခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တောင်ကိုရီးယား တပ်ဖွဲ့ဝင် ၁၀၀၀၀ နှင့် အမေရိကန် တပ်ဖွဲ့ဝင် ၃၀၀၀ တို့ပါဝင်သည့် အဆိုပါအကြီးအကျယ် ပူးပေါင်းစစ်ရေးလေ့ကျင့်မှုများသည် ဖေဖော်ဝါရီ ၁၂ ရက်ကလုပ်ဆောင်ခဲ့သော ပြုံယမ်း၏တတိယမြောက် နျူကလီးယားစမ်းသပ်မှုကို ကုလသမဂ္ဂက အရေးယူမှုအသစ် ချမှတ်ပြီးနောက် တစ်ပတ်အကြာတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

တင်မောင်လွင် – စုစည်းသည်

မက္ကဆီကိုခရီးသွားလုပ်ငန်းဝန်ကြီး နိုင်ငံအလယ်ပိုင်း၌ ပစ်သတ်ခံရ

ဂွါဒါလာဂျာရာ မတ် ၁၂

မက္ကဆီကိုနိုင်ငံ အလယ်ပိုင်းတွင် အစိုးရအဖွဲ့ ထိပ်တန်းအရာရှိတစ်ဦး ပစ်သတ်ခံခဲ့ရကြောင်း ဒေသအာဏာပိုင်များ၏ ပြောကြားချက်ကို မတ် ၁၁ ရက်က ရိုက်တာသတင်းတွင်ဖော်ပြသည်။

ပစ်သတ်ခံခဲ့ရသော ဂျို့စ်ဒီဂျာစု ဂါလီဂို့စ်သည် မက္ကဆီကိုနိုင်ငံ ဂျာလစ်ကိုပြည်နယ်တွင် ခရီးသွားလုပ်ငန်းဝန်ကြီးအဖြစ် ၁၀ ရက်သာ ခန့်အပ်ခြင်းခံခဲ့ရသည်။ အဆိုပါတိုက်ခိုက်မှုသည် မစ္စတာဂါလီဂို့စ်၏ လက်ရှိအလုပ်နှင့် ပတ်သက်မှုမရှိကြောင်း ဂျာလစ်ကိုပြည်နယ်အာဏာပိုင်များက ပြောကြားသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး လူလေးဦးအားထိန်းသိမ်းထားကြောင်း အတည်မပြုရသေးသည့် ထုတ်ပြန်ချက်များက ဆိုသည်။

မက္ကဆီကိုသမ္မတ အင်န်ရစ်ပီနာနီတိုနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး အရစ္စတို တဲလစ်စန်ဒိုဗယ်တို့က အဆိုပါတိုက်ခိုက်မှုကို ပြစ်တင်ရှုတ်ချခဲ့သည်ဟုဆိုသည်။

ပစ်ခတ်ခဲ့

မစ္စတာဂါလီဂို့စ်သည် ဂွါဒါလာဂျာရာမြို့ဧရိယာအတွင်း နေရာတစ်နေရာဖြစ်သည့် ဇာပိုပန်ဒေသကို ဖြတ်သန်းမောင်းနှင်စဉ် သေနတ်သမားများ၏ တိုက်ခိုက်မှုကိုခံခဲ့ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ မစ္စတာ ဂါလီဂို့စ်သည် မြို့တော်ဂွါဒါလာဂျာရာနှင့် ဇာပိုပန်ဒေသအကြား နယ်စပ်ဧရိယာကိုဖြတ်သန်းမောင်းနှင်လာစဉ် မော်တော်ယာဉ်နှစ်စီးက ပိတ်ဆို့ထားခဲ့ခြင်းဖြစ်ကြောင်း၊ သူ၏ကားရပ်နေစဉ် သေနတ်သမားအချို့က ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ကနဦးထုတ်ပြန်ချက်များက ဆိုသည်။

ယင်းတိုက်ခိုက်မှုသည် ၎င်းခရီးသွားလုပ်ငန်းဝန်ကြီး တာဝန်မထမ်းဆောင်မီက သူ၏စီးပွားရေးလုပ်ငန်းကိစ္စများနှင့် နီးနွှယ်ဆက်စပ်မှုရှိမည်မှာ သေချာသလောက်ဖြစ်ကြောင်း ပြည်နယ်အတွင်းရေးမှူး အက်တူရိုဇာပိုရာက ပြောကြားသည်။ **(ရိုက်တာ)**



ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂအဖွဲ့အစည်း(၆)ခုမှ အမှုဆောင်ဘုတ်အဖွဲ့ဝင်များအားတွေ့ဆုံ

နေပြည်တော် မတ် ၁၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီး မစ္စတာ အန်တိုနီနို မားကွတ်စ်ပေါ်တို ဦးဆောင်သော ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုများရုံး၊ ကုလသမဂ္ဂ အမျိုးသမီးများအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်များမှ အမှုဆောင်ဘုတ်အဖွဲ့ဝင်များအား ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစိုးသာ၊ ဦးလှမြင့်ဦး၊ ဦးမောင်မောင်ဆွေ၊ ဦးစိုးနိုင်နှင့် ဒေါက်တာကျော်မြင့်၊ ကော်မတီအတွင်းရေးမှူး ဒေါ်ဒွဲဘူ၊ ကော်မတီအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘရာဇီးလ် သံအမတ်ကြီး ဦးဆောင်သည့် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး မစ္စတာ အရှုက်နီဂန်လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာ၌ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများအနေဖြင့် လွှတ်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်သွားနိုင်ရေးတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီး မစ္စတာ အန်တိုနီနို မားကွတ်စ်ပေါ်တိုအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ် H.E. Mr. Yohei SASAKAWA ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးလှမြင့်ဦး၊ ဦးစိုးနိုင်နှင့် ဦးငွေးမြင့်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းဦးနှင့် ဒေါက်တာဝင်းမြင့်၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၈/၂၀၁၂)
၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၁၂ ခုနှစ်၊ မတ်လ ၁၂ ရက်)

ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်(၈)ရပ်ကွက် ကမ္ဘာအေးဘုရာလမ်း အမှတ် (၅၄/ခ) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ (Domocracy and Human Rights Party) အား ၂၀၁၂ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (Domocracy and Human Rights Party) ၏မှတ်ပုံတင်အမှတ်မှာ (၆၃)ဖြစ်ပါသည်။

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

✲ ကျောဖုံးမှ

အပြန်အလှန်များပြားမှုရှိသော နိုင်ငံများလည်း ဖြစ်သည်။ ထို့ကြောင့် တရားမဝင်ငွေကြေးလဲလှယ်မှုပြုလုပ်ကြရာတွင် နစ်နာမှုများဖြစ်ပေါ်လျက်ရှိရာ ယခုကဲ့သို့ ဘတ်ငွေနှင့်ယွမ်ငွေတို့ကို တရားဝင်လဲလှယ်ခွင့်ပြုပါက တရားဝင်လက်ရှိပေါက်ဈေးအတိုင်း သုံးစွဲနိုင်ခွင့် ရှိလာမည်ဖြစ်သည်။ ထိုင်းနှင့်မြန်မာ နယ်စပ်မြို့များဖြစ်သော မြဝတီနှင့်တာချီလိတ်မြို့များတွင် မြန်မာကျပ်ငွေအစား ထိုင်းနိုင်ငံသုံးဘတ်ငွေများကိုသာ အဓိကသုံးစွဲလျက်ရှိသည်။ ထိုသို့သုံးစွဲရာတွင် မြန်မာကျပ်ငွေများနှင့် လဲလှယ်သုံးစွဲရာ၌ ဈေးနှိမ်မှုများရှိနေရာ နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသည်။ တရားမဝင်ငွေကြေး လဲလှယ်သူများက စိတ်ကြိုက်သတ်မှတ်ထားသည့် ငွေလဲလှယ်မှုများဖြင့်သာ နေ့စဉ်ငွေကြေးများ လည်ပတ်စီးဆင်းနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဘတ်ငွေနှင့် ယွမ်ငွေများကို တရားဝင်လဲလှယ်ခွင့်ပြုပါက ပုဂ္ဂလိကဘဏ် ၁၉ ဘဏ်နှင့် နိုင်ငံပိုင် ဘဏ် သုံးဘဏ်တို့တွင် တရားဝင်လဲလှယ်ခွင့် ပြုသွားမည်ဖြစ်သည်။ အဆိုပါဘဏ်များသည် လက်ရှိအချိန်တွင် ယူရိုငွေ၊ အမေရိကန်ဒေါ်လာနှင့် စင်ကာပူဒေါ်လာများကို တရားဝင်လဲလှယ်ပေးလျက်ရှိသည်။

(မြန်မာ့အလင်း)

ဆောင်းပါး

ရေချိုထိန်းထား၊ ရေငန်တား၊ ကျေးဇူးကြီးမား ရေတံခါးများ

သတင်းဆောင်းပါး
ဘုန်းတင်လှိုင်

ကမ္ဘာအနှံ့အပြားတွင် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြေယာများကို အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မြို့ရွာများ ရေကြီးမှုအန္တရာယ်မှ ကာကွယ်ပေးနိုင်ပါသည်။ မြန်မာနိုင်ငံ၏ အရေးအပါဆုံးသောဒေသတစ်ခုဖြစ်သည့် မြစ်ဝကျွန်းပေါ်ဒေသများတွင် သီးနှံစိုက်ပျိုးခြင်းအောင်မြင်မှုရရှိစေရန်နှင့် ဒေသခံပြည်သူများ ရေကြီးမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ခေတ်အဆက်ဆက်မှ ရေဘေး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ကို အထက်ပိုင်း၊ အလယ်ပိုင်းနှင့်အောက်ပိုင်းဟူ၍ (၃)ပိုင်း ပိုင်းခြားထားသည်။ မြစ်ဝကျွန်းပေါ် အထက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတ၊ လေးမျက်နှာ၊ ဇလွန်၊ ငသိုင်းချောင်း၊ ရေကြည်၊ ကျုံပျော်၊ ခနုဖြူ၊ ဇကာကြီး၊ အသုတ်နှင့် ကျောင်းကုန်း စသည်တို့ပါဝင်သည်။ မြစ်ဝကျွန်းပေါ်အလယ်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ညောင်တုန်း၊ ပန်းတနော်၊ အိမ်မဲ၊ ရွှေလောင်း၊ မအူပင်၊ မြောင်းမြ၊ ဝါးခယ်မ၊ ကျိုက်လတ်၊ မော်လမြိုင်ကျွန်းနှင့် ဘိုကလေးစသည်တို့ပါဝင်သည်။ မြစ်ဝကျွန်းပေါ်အောက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်၊ ဖျာပုံ၊ ဒေးဒရဲ၊ လပွတ္တာ၊ စက်ဆန်း၊ ကျိုးကဒွန်း စသည်တို့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ထန်းတပင်၊ ခရမ်း၊ ရန်ကုန်၊ သန်လျင်၊ သုံးခွ၊ ကျောက်တန်း၊ တွံတေး၊ ကော့မှူး၊ ကျိုက်ထော်နှင့် ကွမ်းခြံကုန်း စသည်တို့ပါဝင်သည်။

မြစ်ဝကျွန်းပေါ် ဒေသများသည် မြေမျက်နှာပြင်ပြန့်ပြူး၍ မြစ်ခွဲ၊ မြစ်မြွာများဖြင့် ဖွဲ့စည်းတည်ရှိနေသောကြောင့် ပင်လယ်မှလည်းကောင်း၊ မြစ်များမှလည်းကောင်း၊ ဒီရေနှင့် ဆားငန်ရေများ ဝင်ရောက်ကာ ကုန်းမြင့်ဒေသများထက် အချိန်ကာလပို၍ကြာရှည်စွာရေနစ်မြုပ်မှုဒဏ်ကို ခံရလေ့ရှိပါသည်။ မြေမျက်နှာပြင်အောက်ရှိ ရေလွှာမှာလည်း မြေပြင်နှင့် ပိုမိုနီးကပ်စွာ တည်ရှိနေပြီး ဆားငန်ရေဝင်ရောက်မှုများကာ စိုက်ပျိုးရေးစွမ်းအားကို အဟန့်အတားဖြစ်စေပါသည်။

မြစ်ဝကျွန်းပေါ်ဒေသ၊ ပင်လယ်နှင့်နီးသောအရပ်ဒေသများနှင့် အချို့သော မြေနိမ့်ဒေသတို့သည် ဒီရေတက်မှုကြောင့်သော်လည်းကောင်း၊ မြစ်ရေကြီးမှုကြောင့်သော်လည်းကောင်း၊ ရေများ၊ ဆားငန်ရေများတက်ရောက်ကာ စိုက်ပျိုး၍ မရနိုင်အောင် ရေလွှမ်းမိုးမှုများရှိပါသည်။ ထိုကဲ့သို့သောဒေသများတွင် အကျိုးပြုမြေနှင့် လယ်ယာမြေဖော်ထုတ်ရန် ရည်ရွယ်၍ ချောင်း၊ မြောင်းနှင့် ကုန်းမြေအနေအထားတို့ကိုလေ့လာကာ ဝင်ရောက်လာသောရေကို ကာကွယ်ရန် ရေဘေးကာကွယ်နည်းများဖြင့် ဆောင်ရွက်ရပါသည်။

အဓိက ရေဘေးကာကွယ်နည်းများမှာ (၁) တာ (Embankment) များ တည်ဆောက်ပေးခြင်း၊ (၂) ရေနုတ်မြောင်း (Drainage) များ ဖောက်လုပ်ပေးခြင်း၊ (၃)ရေလှောင်တမံ (Dam) များ တည်ဆောက်ပေးခြင်းနှင့်(၄) ကျွန်းပတ်တာ(Polder)များ တည်ဆောက်ပေးခြင်းတို့ ဖြစ်ပါသည်။ ယင်းတို့အနက် ကျွန်းပတ်တာများ တည်ဆောက်၍ ကာကွယ်နည်းတွင် တာများ တည်ဆောက်ပေးခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ အလိုအလျောက်ဖွင့်ပိတ်သော ရေတံခါး (Sluice) များ တပ်ဆင်ထားသည့် ရေထုတ်ပြွန်များ တည်ဆောက်ပေးခြင်း စသည့်လုပ်ငန်းများ အားလုံးပါဝင်သည်။ ထိုလုပ်ငန်းတွင် ပါဝင်သော အလိုအလျောက်ဖွင့်သည့် ရေတံခါးများမှာ ဒီရေကျချိန်တွင် ကုန်းတွင်းရှိ ရေမျက်နှာပြင်သည် ပင်လယ်ရေမျက်နှာပြင်ထက်မြင့်သဖြင့် ရေ၏ဖိအားဖြင့် ရေတံခါးကိုပွင့်စေပြီး ဒီရေတက်ချိန်တွင်မူ ပင်လယ်ရေမျက်နှာပြင်က ကုန်းတွင်းရေမျက်နှာပြင်ထက် ပိုမိုမြင့်တက်လာသည့် အလျောက် ရေ၏ဖိအားဖြင့် ရေတံခါးကို ပိတ်စေနိုင်သည်။

ရေတံခါး (Sluice)သည် "Sluis" ဆိုသည့် ဒတ်ချ်ဘာသာစကားမှ ဆင်းသက်လာသည်။ Sluice gates ငါးမျိုးရှိရာ (၁) Flap sluice gate (၂)Vertical rising sluice gate (၃)Radial sluice gate (၄)Rising sector sluice gate နှင့် (၅)Needle sluice တို့ ဖြစ်သည်။ Seaton Sluice သည် အင်္ဂလန်နိုင်ငံ United Kingdom တွင် တည်ရှိပြီး မှတ်တမ်းများအရ ၁၀၉၇ ခုနှစ်တွင် တည်ရှိနေကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ၁၉၅၈-၁၉၅၉ ခုနှစ်မှစတင်ပြီး ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ကတ္တူကြီး ရေတံခါးကို တည်ဆောက်အကောင်အထည်ဖော်ခဲ့ပါသည်။ လွတ်လပ်ရေးရပြီးသည်မှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလအထိ အဓိကကျသော ရေတံခါးပေါင်း ၃၁ ခု တည်ဆောက်ပြီးစီးခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင်ရှိ ရေထိန်းတံခါးများမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ရှစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုးခု၊ ပဲခူးတိုင်းဒေသကြီးတွင် ခြောက်ခု၊ မွန်ပြည်နယ်တွင် လေးခုနှင့် ကရင်ပြည်နယ်တွင် လေးခုရှိကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန၏ ရေထိန်းတံခါးများ တည်ဆောက်အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်များမှာ-

(၁) မိုးရာသီ ဒီရေတက်ချိန်၌ ကွင်းအတွင်းသို့ ဝင်ရောက်မှု မရှိစေရန်နှင့် ဒီရေကျချိန်တွင် ကွင်းအတွင်းရှိ ပိုလျှံရေများကို ရေတံခါးမှ ရေထုတ်ပေးခြင်းဖြင့် လယ်မြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်၊
(၂) နွေရာသီတွင် ပင်လယ်ဆားငန်ရေနှင့်ဆားငန်နုန်းများ လယ်ယာမြေအတွင်းသို့ ဝင်ရောက်ခြင်းမှ ကာကွယ်စေရန်။
(၃) မိုးနှောင်းကာလတွင် ချောင်းအတွင်း ရေချိုထိန်းသိမ်းထားစေရန် စသည်တို့ဖြစ်ပါသည်။

ရေထိန်းတံခါးများ၏ ဒီဇိုင်းပုံစံကို ဒီရေအတက်အကျ သဘာဝဖြစ်စဉ်အပေါ် အခြေခံ၍ ဒီရေကျသည့် အမြင့်မှတ် (Level)အပေါ် မူတည်ပြီး အလိုအလျောက် ရေထုတ်နိုင်ရန် တွက်ချက်တည်ဆောက်ရခြင်းဖြစ်ပါသည်။

ရေချိုရရှိရေး နည်းလမ်းများ ဆောင်ရွက်ရာတွင်-

(က) တည်ဆောက်ပြီး ကောလိယ၊ ဘိုင်းဒါးနှင့် ဘောနီရေလှောင်တမံများမှ ပိုလျှံရေများကို နဂါးပေါက်ရေထိန်းတံခါးနှင့် ပဂိုင်တာ ရေသွင်းတံခါးတို့မှ ပဲခူး-စစ်တောင်း တူးမြောင်းအတွင်းသို့ ရေဖြည့်ပေးနိုင်ခြင်း။
(ခ) တည်ဆောက်ပြီး ဝါးကတုတ်ရေလှောင်တမံမှ သိုလှောင်ရေများကို မိုးယွန်းကြီးအင်းသို့ ဖြည့်ပေးပြီး ပိုလျှံရေများကို မိုးယွန်းကြီး ရေထိန်းတံခါးမှ ပဲခူး-စစ်တောင်း တူးမြောင်း အတွင်းသို့ ရေဖြည့်ပေးနိုင်ခြင်း။
(ဂ) တည်ဆောက်ပြီး ကိုဒူကွဲ၊ စလူ၊ ရွှေလောင်းရေလှောင်တမံများမှ သိုလှောင်ရေများအပြင် ဇောင်းတူရေလွှဲဆည်မှ ပိုလျှံရေများကို ဇောင်းတူမြောင်းမကြီးမှ တစ်ဆင့် မြောင်းခွဲအမှတ် (၂) ဖြင့် မိုးယွန်းကြီးအင်းအတွင်းသို့ ရေဖြည့်ပေးခြင်း၊ ဇောင်းတူမြောင်းမကြီးမှ တစ်ဆင့် မြောင်းခွဲအမှတ်(၇)ဖြင့် စွန်ပိချောင်းအတွင်းသို့ ရေချပေးခြင်းဖြင့် ပဲခူး- စစ်တောင်းတူးမြောင်းအတွင်းသို့ ရေဖြည့်ပေးနိုင်သည့်အပြင် ဇောင်းတူမြောင်းမကြီးမှတစ်ဆင့် ကျိုက်လှချောင်းအတွင်းသို့ ရေချပေးခြင်းဖြင့် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းသို့ ရေဖြည့်ပေးနိုင်ခြင်းစသည်တို့ဖြင့် ရေချိုများ ပဲခူး-စစ်တောင်း တူးမြောင်းအတွင်းသို့ ရောက်ရှိသည်။

ပဲခူး-စစ်တောင်း တူးမြောင်းအတွင်း ရောက်ရှိလာသော ရေချိုများကို ပဲခူး-စစ်တောင်းတူးမြောင်းပေါ်ရှိ ပုဂံ-ညောင်ပင်ရေလွှဲပေါက် (သနပ်ပင်မြို့အနီး)မှတစ်ဆင့် မိုင် ၃၀ စိမ်းလန်းစိုပြည်ရေး တူးမြောင်းမကြီးအတွင်းသို့ ရောက်ရှိကာ ခရမ်းမြို့၏အရှေ့ဘက် ညောင်ပင်ကွင်းရွာအနီးတွင် ခရမ်းချောင်းအတွင်းသို့ စီးဝင်စေသည်။ ရေချိုများကို စစ်တောင်းမြစ်အတွင်းသို့ စီးဝင်မသွားစေရန် ကင်မွန်းခြံရေထိန်းတံခါးဖြင့်လည်းကောင်း၊ ပဲခူးမြစ်အတွင်းသို့ စီးထွက်မသွားစေရန် တာဝရေထိန်းတံခါး၊ ပိုင်ကျုံရေထိန်းတံခါး၊ ရွှေလှေရေထိန်းတံခါးနှင့် ခရမ်းရေထိန်းတံခါးတို့မှလည်းကောင်း ရေချိုထိန်းသိမ်းပေးမည် ဖြစ်သည်။ ဤသို့ ရေထိန်းတံခါးများဖြင့် ရေချိုထိန်းပေးထားခြင်းအားဖြင့် ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်၊ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်များတွင် ရေချိုလွှမ်းမိုးသွားပြီး နွေစပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးနိုင်မည်ဖြစ်သည်။ စိုက်ပျိုးမြေဧရိယာအနေဖြင့် ပဲခူးတိုင်းဒေသကြီးတွင် ဧက ၁၀၀၀၀ နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ဧက ၅၅၀၀၀ စုစုပေါင်း ဧက ၆၅၀၀၀ အကျိုးပြုနိုင်မည်ဖြစ်သည်။

မြစ်ဝကျွန်းပေါ်နှင့် ပင်လယ်နှင့်နီးသော အရပ်ဒေသများတွင် ရေထိန်းတံခါးများ တည်ဆောက်ပေးခြင်းဖြင့် (က)မိုးရာသီတွင် ပင်လယ်ဒီရေကျချိန်၌ ကွင်းများမှပိုလျှံရေများကို ရေထိန်းတံခါးများမှတစ်ဆင့် ရေထုတ်ပေးခြင်းဖြင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပြီး ရေတော်၊ မိုးတော်စိုက်ပျိုးနိုင်ခြင်း၊ (ခ)နွေရာသီတွင် လယ်ယာမြေများသို့ ပင်လယ်ဆားငန်ရေနှင့် ဆားငန်နုန်းများ ဝင်ရောက်ခြင်းကို ကာကွယ်တားဆီးပေးနိုင်ခြင်းဖြင့် လယ်မြေများ ဆားငန်ဓာတ်ပေါက်ခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ (ဂ)ရေရှည်တွင် ရေချိုထိန်းထားသဖြင့် နီးစပ်ရာကျေးရွာများနှင့် လယ်မြေဧရိယာများတွင် မြေအောက်ရေ (Underground water table)သည် ရေငန်များ ဆုတ်ယုတ်လာပြီး ရေချို Level မြင့်တက်လာသဖြင့် မြေအောက်ရေထုတ်ယူသုံးစွဲနိုင်ခြင်း (ရေငန်ကိုရေချိုဖြင့်ဖိခြင်း)၊ (ဃ)ရေထိန်းတံခါး၏အတွင်းဘက်ရှိ ချောင်းများ တိမ်ကောမှုကို ကာကွယ်ပေးနိုင်ခြင်း၊ (င) မိုးနှောင်းကာလတွင် ချောင်းအတွင်း ရေချိုထိန်းသိမ်းပေးထားနိုင်သဖြင့် ဒေသခံပြည်သူများနှင့်ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေများ ရရှိလာခြင်းနှင့် မီးဘေးကြုံတွင် ကာကွယ်ရေးအတွက် ရေသိုလှောင်ထားနိုင်ခြင်း၊ (စ)ဆောင်းသီးနှံများအတွက် လယ်ယာမြေများ အစိုဓာတ်ထိန်းသိမ်းပေးနိုင်ခြင်း၊ (ဆ) ရေတံခါး၏ အတွင်းဘက်တွင် ရေလမ်းခရီးအသုံးပြုနိုင်ခြင်း၊ (ဇ) ရန်ကုန်မြို့တော်ဝန်းကျင် မိုင် (၃၀) စိမ်းလန်းစိုပြည်ရေးစီမံကိန်းအရ ပဲခူး-စစ်တောင်းတူးမြောင်းမှ ပေးဝေမည့် ဖြည့်တင်းရေများကို ရေထိန်းတံခါးများဖြင့် သိုလှောင်ထိန်းသိမ်း၍ နွေစပါးနှင့်အခြားသီးနှံများကို ရေတင်စိုက်ပျိုးနိုင်ခြင်း၊ (ဈ) ရေထိန်းတံခါးများ၏ ကုန်းတွင်းပိုင်းတွင် ရေချိုပုစွန်နှင့်ရေချိုငါးများ ပေါများလာခြင်းနှင့် (ည)မြို့၊ ရွာကျေးလက်နှင့် နီးသဖြင့် ပြည်သူလူထု လာရောက်အပန်းဖြေအနားယူနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရမှ မြန်မာနိုင်ငံ၏အရေးပါဆုံးသော မြစ်ဝကျွန်းပေါ်ဒေသများတွင် ကျေးလက်နေပြည်သူလူထုဒေသခံများ ရေကြီးမှုအန္တရာယ်မှ ကာကွယ်ရန်နှင့် သီးနှံစိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းနိုင်ရန် ရေထိန်းတံခါးများ တည်ဆောက်ပေးသဖြင့် ရေချိုထိန်းတား၊ ရေငန်တား၊ ကျေးဇူးကြီးမား၊ ရေတံခါးများ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ သဘောထားထုတ်ပြန်ချက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအား ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာပြီးဖြစ်ပါသည်။

၂။ ထို့အပြင် တင်ပြပါ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီတစ်ရပ် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပါသည်။

၃။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အနေဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာတွင် ဖော်ပြအကြံပြုထားသော မြေယာလျော်ကြေးကိစ္စများ၊ စိုက်ပျိုးမြေပြန်လည်ဖော်ထုတ်ရေးကိစ္စများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့ ချုပ်ဆိုထားသောစာချုပ်အား ပြန်လည်ပြင်ဆင်ချုပ်ဆိုရေးကိစ္စများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု/ထုတ်လုပ်မှု/လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာစီမံခန့်ခွဲမှု အပြည်ပြည်ဆိုင်ရာလက်မှတ်များရရှိရေးကိစ္စရပ်များ၊ ဒေသခံလူထုအတွက် အကျိုးကျေးဇူးရရှိစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ဆာလဖျူရစ်အက်စစ်စက်ရုံဆိုင်ရာကိစ္စရပ်များ စသည့်အကြံပြုချက်များကို ဝန်ကြီးဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည့်အပြင် နိုင်ငံတကာအဆင့်မီ ပြည်ပကျွမ်းကျင်သူကုမ္ပဏီများအားငှားရမ်း၍ စနစ်တကျဆောင်ရွက်သွားပါမည်။

၄။ ထိုသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်
၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ ရက်

တိုက်ဂါးမြန်မာ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ Tiger Golfက အဓိက ကူညီပံ့ပိုးသည့် 'TIGER MYANMAR AMATEUR OPEN GOLF CHAMPIONSHIP 2013' ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၃ခုနှစ် မတ်၁၉ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ တညင်းကုန်း ရန်ကုန်ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အပျော်တမ်းအဆင့်ပြိုင်ပွဲ (H' CAP 0-12)အဆင့်ရှိသူများသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို R & A RULES LIMITED (ST. ANDREW) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် SRIXON /IMPERAL JADE PURIFIED DRINKING WATER / 100 PLUS (ISOTONIC DRINK) / YANGON GOLF CLUB တို့ကလည်း ထပ်မံ၍ကူညီပံ့ပိုးကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဂေါက်သီးအားကစားသမားများသည် ပြိုင်ပွဲဝင်ကြေးငွေ ကျပ်နှစ်သောင်းတိတိ (၂၀၀၀၀ကျပ်)နှင့်အတူ မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီနောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက HAN EVENT MANAGEMENT ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၁၀၄၇၄၊ ၀၉-၄၉၁၀၂၀၀၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လွှတ်တော်ရေးရာကဏ္ဍ

❋ *ပြည်ထောင်စုလွှတ်တော်မှ*

သစ်တောရေးရာဝန်ကြီးဌာန၏ အခွန်အကောက်ဆိုင်ရာနှင့် စပ်လျဉ်း၍ သစ်ခွဲသားအတွက် သတ်မှတ်ထားသော ကုန်သွယ်လုပ်ငန်းအခွန် လျှော့ချပေးရေး၊ အသေးစားသစ်တော ထွက်ပစ္စည်း (၂၁)မျိုးအနက် ကျေးလက်နေပြည်သူများ အမြဲသုံးစွဲနေရသည့်ပစ္စည်းအချို့ကို အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုရေးအတွက် စိစစ်ပြင်ဆင်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုနှင့် **စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်းများမှကောက်ခံရရှိမည့် Rayalty များကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသို့ အခွန်အဖြစ်ပေးသွင်းရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း** အဆိုတို့ကို တင်သွင်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးမျိုးဆွေက **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ကောက်ခံသော ရေဒီယို၊ တီဗွီ၊ ဗီဒီယိုပြစက်အစရှိသော အခွန်များအပါအဝင်**

ဇီးကုန်း မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်။ (မြန်မာ့အလင်း)

ခေတ်ကာလနှင့်မလျော်ညီတော့သည့် အခွန်နှုန်းထားများကို ခေတ်ကာလနှင့် အညီဖြစ်သင့်သော အခွန်နှုန်းထားများအဖြစ် ပြင်ဆင်သတ်မှတ်ရေးနှင့် အခွန်ကောက်ခံမှု တိုးတက်ရရှိရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆို၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးရဲထွန်းက **နိုင်ငံပိုင် အရင်းအမြစ်များကို အသုံးပြု၍ အခွန်အခကောက်ခံနေသော အခြားပြည်ထောင်စု အစိုးရဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SEE) များမှ ရရှိသော အခွန်အကောက်များသည် နိုင်ငံတော် ဘဏ္ဍာသို့ထည့်ရမည့် အခွန်အကောက်များဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နိုင်ငံပိုင် အရင်းအမြစ်များကို အသုံးပြုခြင်းမှ ကောက်ခံရရှိသောအခွန်(Resources Tax)၊ အရင်းအမြစ်များထုတ်လုပ်ခွင့်/အသုံးပြုခွင့်မှ ကောက်ခံရရှိသော အခွန်(Resources Rent Tax) များကို ပြည်ထောင်စုအစိုးရဘဏ္ဍာ၊ အခွန်ရငွေစာရင်းသို့ ထည့်သွင်းပေးရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးစီမံဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆို၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးတင်မောင်ဦးက **ပြည်ထဲရေးဝန်ကြီးဌာနမှ ကောက်ခံလျက်ရှိသော ယစ်မျိုးခွန်၊ ဓာတ်သတ္တုခွန်တို့နှင့်ပတ်သက်၍ ပြည်ထောင်စုနယ်မြေများအတွက် အခွန်**

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၄)မှ ဦးစတီဗင်သာဘိတ်။ (မြန်မာ့အလင်း)

နှုန်းထားများပြင်ဆင်ပေးရန် အဆိုကို တင်သွင်းကြသည်။ ယင်းအဆိုများနှင့် စပ်လျဉ်း၍ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်က "ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလွန်းသီ တင်သွင်းတဲ့ အဆိုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ ပြည်သူ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်နေပြည်သူတွေဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေကလည်း လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းတွေ ပြုလုပ်ရာမှာပဲဖြစ်ဖြစ်၊ နေအိမ်တွေ ဆောက်လုပ်ရာမှာပဲဖြစ်ဖြစ်၊ သစ်ခွဲသားတွေ လိုအပ်ချက်ရှိကြပါတယ်။ ဒီအတွက် အဖိုးတန်သစ်မဟုတ်တဲ့ သစ်မာအမျိုးအစားတွေကို အခွန်ကင်းလွတ်ခွင့် ပေးမယ်ဆိုရင်သော်လည်းကောင်း၊ သက်သာခွင့်ပြုမယ်ဆိုရင်သော်လည်းကောင်း အဆင်ပြေမယ်လို့ယူဆမိပါတယ်။ ကျေးလက်နေပြည်သူအများစုဟာ ရှေးတုန်းကလို သစ်တွေမသက်သာတော့ အိမ်ကြီးအိမ်ကောင်းတွေ ဆောက်လုပ်ဖို့ဟာ အတော်လေး ခက်ခဲနေပါတယ်။ အခုဆိုရင် ကျေးရွာတွေမှာ သစ်သားနဲ့ဆောက်တဲ့ အိမ်သစ်တွေ နည်းပါးလာတာကို တွေ့ရပါတယ်။ ဒီအတွက် ဖြေလျှော့မှုတစ်ခု ပြုလုပ်ပေးမယ်ဆိုရင် အဆင်ပြေနိုင်ပါတယ်" ဟု ပြောပြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၄)မှ ဦးစတီဗင်သာဘိတ်က "ကန့်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို တင်သွင်းတဲ့အဆိုနဲ့ပတ်သက်ပြီး လွန်ခဲ့တဲ့ (၄)(၅) နှစ်လောက်က အခွန်ကောက်ခံနှုန်းထားတွေ ပြန်လေ့လာကြည့်မယ်ဆိုရင် ပြည်တွင်းအခွန်နဲ့ ဘဏ္ဍာအခွန်တွေလောက်သာ မှန်မှန်ကန်ကန် ကောက်ခံရရှိတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ ကျန်တဲ့ ဝန်ကြီးဌာနတွေရဲ့ အခွန်ကောက်ခံရရှိမှုဟာ ပြည့်မီခြင်းမရှိတာကို တွေ့ရပါတယ်။ ဒီအတွက် သူရဦးအောင်ကိုပြောသလို ကော်မတီ / ကော်မရှင်တွေ ဖွဲ့စည်းပြီးလုပ်မယ်ဆိုရင် အခွန်ယိုဖိတ်မှုတွေ သက်သာလျော့ပါးသွားနိုင်ပါတယ်။ အခွန်ကောက်ခံမှု မှန်ကန်ဖို့ဆိုတာ အခွန်ဝန်ထမ်းတွေရဲ့ ရိုးသားဖြောင့်မတ်မှုကအရေးကြီးပါတယ်။ အခွန်အခတွေ မှန်မှန်ကန်ကန်ရရှိပါမှ ဒီနေ့နိုင်ငံတော်ကဆောင်ရွက်နေတဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကို အောင်မြင်မှာဖြစ်ပါတယ်"ဟု ပြောပြသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး(၂၀)ရက်မြောက်နေ့ကို မတ် ၁၅ ရက် နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

အလုပ်သမား သံအရာရှိများထားရှိနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၁၂

အခြေခံလစာ၏ (၆)ရာခိုင်နှုန်း တိုးမြှင့်ပေးမှုကို အလုပ်ရှင်နှင့် မြန်မာအလုပ်သမားနှစ်ဦးနှစ်ဖက် သဘော

ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး မေးမြန်းစဉ်။ (သတင်းစဉ်)

တူညီခဲ့ကြပါကြောင်း၊ တိုးမြှင့်ပေးသည့်လစာမှာ လုပ်သက်နှစ်အလိုက် အခြေခံလစာအပေါ်တွင် (၆)ရာခိုင်နှုန်း တိုးမြှင့်ပေးခဲ့သဖြင့် လုပ်သက်တစ်နှစ်အောက်ရှိသော အလုပ်သမားများအား အမေရိကန်ဒေါ်လာ (၁၆၄ ဒသမ ၄၆)၊ လုပ်သက်(၁)နှစ်မှ (၂) နှစ်ရှိသူများကို အမေရိကန်ဒေါ်လာ (၁၇၁ ဒသမ ၉၃)၊ လုပ်သက်(၂)နှစ်မှ (၃) နှစ်ရှိသူများကို အမေရိကန်ဒေါ်လာ (၁၇၉ ဒသမ ၄၇)၊ လုပ်သက်(၃) နှစ်မှ (၄)နှစ်ရှိသူများကို အမေရိကန် ဒေါ်လာ(၁၈၆ ဒသမ ၈၉)နှင့် လုပ်သက် (၄)နှစ် အထက်ရှိသူများကို အမေရိကန်ဒေါ်လာ(၁၉၄ ဒသမ ၃၆) သို့ တိုးမြှင့်ရရှိစေခဲ့ပေးခဲ့သည့်အပြင် ချုပ်လုပ်သည့် အထည်အရေအတွက်ပေါ်တွင် မူတည်၍ပေးသော Bonus ကိုလည်း (၅) ရာခိုင်နှုန်း ထပ်မံတိုးမြှင့်ပေးခဲ့ပါကြောင်းဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက ယနေ့တွင်ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၅) ရက် မြောက်နေ့၌ ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး မေးမြန်းသည့် ဂျော်ဒန်နိုင်ငံ Ramtha မြို့ CMJ အထည်ချုပ်စက်ရုံတွင် သွားရောက်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန် ဆောင်ရွက်ပေးနေမှုနှင့်စပ်လျဉ်း၍ သိရှိလိုကြောင်း မေးခွန်းအားဖြေကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ဖြစ်စဉ်မှာ ဂျော်ဒန်နိုင်ငံ Ramtha မြို့ Century Miracle အထည်ချုပ်စက်ရုံ၌ ၁၄-၂-၂၀၁၃ ရက်တွင် စက်ရုံက ကျွေးမွေးသည့် နေ့လယ်စာတွင်ပါရှိသော ပဲဟင်း စားသုံးပြီးနောက် အခန့်မသင့်၍ မြန်မာလူမျိုး (၃၀)ခန့်နှင့် မာဒါဂါ စကာလူမျိုး အလုပ်သမား (၁၀၀)ခန့်ဝမ်းသွားခဲ့ရာမှ မြန်မာအလုပ်သမားများနှင့် အလုပ်ရှင်တို့အကြား အငြင်းပွားဆန္ဒပြမှုများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် အငြင်းပွားဆန္ဒပြရာ၌ မြန်မာအလုပ်သမားများက ဘာသာစကား မတူညီမှုကြောင့် ကြုံတွေ့ရသည့် အခက်အခဲများဖြေရှင်းပေးရန်၊ အစားအစာများ အဆင်ပြေမှုရှိစေရေးဆောင်ရွက်ပေးရန်၊ Supervisor များတွင် မြန်မာများအား ခန့်ထားပေးရန်၊ အခြေခံလစာတိုးမြှင့်ပေးရန်တို့ကို အဓိက တောင်းဆိုခဲ့ပါကြောင်း၊ စက်ရုံစီမံခန့်ခွဲမှုအဖွဲ့နှင့် ညှိနှိုင်းခဲ့ရာ အခြားတောင်းဆိုချက်များအား လိုက်လျောပေးမည်ဟု ပြောကြားခဲ့သော်လည်း အခြေခံလစာ အမေရိကန် ဒေါ်လာ(၁၅၅) မှ(၂၀၀) သို့ တိုးမြှင့်သတ်မှတ်ပေးရန် တောင်းဆိုမှုမှာ ညှိနှိုင်းမရရှိသဖြင့် မြန်မာအလုပ်သမားများ အလုပ်မဆင်းဘဲနေခဲ့ကြပါကြောင်း။

စက်ရုံစီမံခန့်ခွဲမှု မန်နေဂျာက အဆိုပါ စက်ရုံတွင် လူမျိုး(၇)မျိုး အလုပ်လုပ်ကိုင်လျက်ရှိသည့်အနက် အခြားနိုင်ငံသားများလည်းအလားတူ အမေရိကန်ဒေါ်လာ (၁၅၅) ကိုသာ ရရှိပါကြောင်း၊ အဆိုပါ လစာအား ILO နှင့် ညှိနှိုင်းသတ်မှတ်ထားခြင်းဖြစ်ပါကြောင်း၊ အလုပ်ဆက်လက်လုပ်ကိုင်ရန် ဆန္ဒမရှိပါက စက်ရုံမှ လေယာဉ် လက်မှတ်များဝယ်ပေးမည်

ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း ဖြေကြားစဉ်။ (သတင်းစဉ်)

ဖြစ်ကြောင်း၊ ပြန်လိုသူများ နိုင်ငံကူးလက်မှတ်လာရောက်ပေးရန် သံရုံးသို့ ဆက်သွယ်ပြောကြားခဲ့ပါကြောင်း။

မြန်မာသံရုံး၏ အဆင့်ဆင့် ညှိနှိုင်း ဆောင်ရွက်ပေးချက်အရ ၇-၃-၂၀၁၃ ရက်တွင် မြန်မာအလုပ်သမား (၁၀၀) ခန့်သည် လုပ်ငန်းခွင်သို့ ဝင်ရောက်ခဲ့ပြီး ၎င်းနေ့ ညနေတွင် ဂျော်ဒန်နိုင်ငံ အလုပ်သမားဝန်ကြီးဌာနနှင့် International Labour Organization (ILO)တို့ ကိုယ်စားလှယ်များ၊ မြန်မာအလုပ်သမားများဘက်မှ ကိုယ်စားလှယ်(၃၀)၊ စက်ရုံမှ တာဝန်ရှိသူများနှင့် စက်မှုဇုန် မန်နေဂျာတို့ ပါဝင်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါကြောင်း၊ ၉-၃-၂၀၁၃ ရက်မှစ၍ မြန်မာအလုပ်သမား (၃၀၀)ကျော် အလုပ်ပြန်လည်ဝင်ရောက်ခဲ့ကြပြီး ၁၀-၃-၂၀၁၃ ရက်တွင် အလုပ်သမား (၈၀၀)ခန့်၊ ၁၁-၃-၂၀၁၃ ရက်တွင် အလုပ်သမား (၁၀၀၀) ခန့် အလုပ်ပြန်လည်ဝင်ရောက်အလုပ် လုပ်ကိုင်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် ကိုယ်ပိုင်မိသားစု ပြဿနာများကြောင့် မြန်မာနိုင်ငံသို့ ပြန်မည့်သူ အချို့ရှိသကဲ့သို့ အလုပ်ဆက်လက် လုပ်ကိုင်လိုခြင်းမရှိဘဲ ပြန်လာလိုသည့် အလုပ်သမားများလည်း ရှိနေပါကြောင်း။

ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းဆိုင်ရာ မူဝါဒတစ်ရပ်ချမှတ်နိုင်ရေးအတွက် နိုင်ငံတကာစံများနှင့် လက်ရှိကျင့်သုံးလျက်ရှိသော ပြည်ပအလုပ်အကိုင်ဆိုင်ရာ မူဝါဒတို့အပေါ် အခြေခံပြီး Labour Migration Policy မူကြမ်းရေးဆွဲခဲ့ပါကြောင်း၊ တာဝန်ရှိသူများနှင့် ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သူများ အလုပ်ရုံဆွေးနွေးပွဲများ အကြိမ်ကြိမ်ကျင်းပ ဆွေးနွေးခဲ့ပြီးနောက် အဓိကအချက် (၉)ချက်ပါဝင်သော ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းဆိုင်ရာ မူဝါဒ (Labour Migration Policy)တစ်ရပ်ကိုရရှိခဲ့ပါကြောင်း။

ယင်းမူဝါဒ(၉)ချက်ကို နိုင်ငံတော်သမ္မတရုံးမှ အတည်ပြုချက်ရရှိပြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ခြင်းဆိုင်ရာ မူဝါဒအား ရေးဆွဲအကောင်အထည်မဖော်မီ အချိန်ကတည်းက ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသောအလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား အထောက်အထား ထုတ်ပေးရေးလုပ်ငန်းစဉ်သည် ထင်သာမြင်သာရှိသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့တွင် အလုပ်သမား သံအရာရှိများ ခန့်ထားဆောင်ရွက်လျက်ရှိသကဲ့သို့မကြာမီကာလတွင် မလေးရှားနိုင်ငံတွင်လည်း ထားရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်သမားအများဆုံးသွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသော နိုင်ငံများတွင်လည်း အလုပ်သမားသံအရာရှိများ ထားရှိနိုင်ရေးအတွက် လျာထားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများနှင့် ပတ်သက်၍ ကျောက်ကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက ၎င်း၏အမြင်ကို ပြောပြရာတွင် "ပြည်ပနိုင်ငံတွေကို သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေနဲ့ ပတ်သက်ပြီး တရားဝင်သွားရောက်တာပဲဖြစ်ဖြစ်၊ တရားမဝင်သွားရောက်တာပဲဖြစ်ဖြစ် ပြဿနာတစ်စုံတစ်ရာဖြစ်ပွားလာရင် နိုင်ငံတော်အစိုးရက နည်းလမ်းပေါင်းစုံဖြင့် ကူညီဖြေရှင်းပေးနေတာကို တွေ့ရပါတယ်။ တရားဝင်သွားရောက်တဲ့ အလုပ်သမားတွေကို နိုင်ငံတော်အစိုးရက ကူညီဖြေရှင်းပေးရတာ ပိုပြီး

စာမျက်နှာ ၈ ကော်လံ ၅

အမျိုးသားလွှတ်တော်အစည်းအဝေး

ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၁၂

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ် ၇ ခုဖြင့် ကျင်းပသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၄ ဦးတို့က ဆွေးနွေးကြပြီး ယင်းဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ယင်းနည်းဥပဒေများနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁) ဒေါ်ခင်ဝိုင်းကြည်က ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများဟာ နိုင်ငံတော်ရဲ့ ဥပဒေ မြောက်မြားစွာရှိတဲ့အနက် အရေးကြီးဆုံးအုပ်ချုပ်ရေး အုတ်မြစ်ဥပဒေဖြစ်တဲ့အတွက် ပိုမိုဂရုစိုက် အလေးထား ပြဋ္ဌာန်းသင့်ပါတယ်။ ယခင်ကိုလိုနီခေတ်က ၁၉၀၇ ခုနှစ် ကျေးရွာဥပဒေကို အခြေခံပြီး ပြင်ဆင်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည်။ (သတင်းစဉ်)

ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့အတွက် ယနေ့ခေတ်စနစ်အခြေအနေနဲ့ ကိုက်ညီအောင်၊ ပြည်သူနဲ့ သဟဇာတဖြစ်အောင် ရေးဆွဲပြဋ္ဌာန်းပေးရမယ့် ဥပဒေ၊ နည်းဥပဒေတစ်ခုဖြစ်တဲ့အတွက် ဝိရောဓိများ၊ မပြေပြစ်သည်များ၊ အခက်အခဲများရှိပါက အုပ်ချုပ်ရေးမဏ္ဍိုင် ခိုင်မာတောင့်တင်းရေးအားလုံးက ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်ပေးသင့်ပါတယ်" ဟု ပြောပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

အစည်းအဝေးကို ညနေ ၃ နာရီတွင်ရပ်နားလိုက်ပြီး အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို မတ် ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွှမ်းပရာဘွမ်မြို့၌ ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၁၂

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွှမ်းပရာဘွမ်မြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် မတ် ၁၁ ရက် နံနက်ပိုင်းတွင် လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် လွှမ်းပရာဘွမ်မြို့ရှိ ဘုရင့်နန်းတော်ပြတိုက် (The Luang Prabang National Museum) သို့ ရောက်ရှိသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ပြတိုက်တာဝန်ရှိသူများက ကြိုဆိုကြပြီးပြတိုက်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ပြတိုက်ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် Wat Xieng-thong ဘုရားကျောင်းတော်သို့ ရောက်ရှိကြပြီး ကျောင်းဆောင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် Wat Xiengthong ဘုရားကျောင်းတော်ကျောင်းတိုက်မှ ဆရာတော်အား အလှူတော်ငွေဆက်ကပ်လှူဒါန်းသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များ လွှမ်းပရာဘွမ်ဗျူးဟိုတယ်ပေါ်မှ လွှမ်းပရာဘွမ်မြို့နှင့် ပတ်ဝန်းကျင်ရှုခင်းအလှကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လွှမ်းပရာဘွမ်ဗျူးဟိုတယ်သို့ ရောက်ရှိကြပြီး ဟိုတယ်ပေါ်မှ လွှမ်းပရာဘွမ်မြို့နှင့် ပတ်ဝန်းကျင်ရှုခင်းအလှကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လွှမ်းပရာဘွမ်မြို့ရှိ ရိုးရာလက်မှုပညာရွာသို့ရောက်ရှိပြီး လာအိုရိုးရာ လက်မှုပညာဖြင့် သဘာဝကုန်ကြမ်းများကိုအသုံးပြု၍ အသုံးအဆောင်ပစ္စည်းနှင့် အဝတ်အထည်များပြုလုပ်ရောင်းချနေမှုကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တာဝန်ရှိသူများ လိုက်ပါလျက် လွှမ်းပရာဘွမ်မြို့ လေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ဗီယင်ကျန်းမြို့သို့ ထွက်ခွာရာ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၀ မိနစ်တွင် ဗီယင်ကျန်းမြို့ ဝပ်တေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးH.E. Mr.Bounkeut SANGSOMSAK၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး H .E. Mr. Nilahath Sayarth နှင့် တာဝန်ရှိသူများ၊ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းနှင့် မိသားစုဝင်များက လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ဗီယင်ကျန်းမြို့ရှိ အေဆမ်ဗီလာသို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့်စုံစမ်းစစ်ဆေးရေး အစီရင်ခံစာ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၂

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်း၊ ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးနှင့် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ **(ဝဲပုံ)**

ဆွေးနွေး

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်ကိစ္စရပ်များအား ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❁ ရှေ့ဖုံးမှ

(ဂ) ပဋိပက္ခဖြစ်ပွားသောရှေ့တန်းစစ်မြေပြင်များကို ကွင်းဆင်းလေ့လာစောင့်ကြည့်နိုင်ရေးအတွက်နှင့် နှစ်ဖက်ပိုမိုနီးကပ်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းစောင့်ကြပ်ရေးရုံးများကို နှစ်ဖက်ညှိနှိုင်း၍ လိုအပ်သလို ထားရှိသွားရန် သဘောတူသည်။

(ဃ) ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ အစည်းအဝေးတွင် သဘောတူညီခဲ့ကြသည်များနှင့် ၂၀၁၃ ခုနှစ် မတ်လ (၁၁၊ ၁၂) ရက်နေ့ အစည်းအဝေးတွင် သဘောတူညီခဲ့ကြသည်များကို ဆက်လက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် သဘောတူသည်။

(င) နောက်တစ်ကြိမ် ဆွေးနွေးမှုကို ၂၀၁၃ခုနှစ် ဧပြီလ ၁၀ ရက်နေ့ မတိုင်မီ ကျင်းပသွားရန် သဘောတူသည်။

၄။ စစ်မှန်သော နိုင်ငံရေးဆွေးနွေးမှုများ တစ်နိုင်ငံလုံးအတိုင်းအတာ ကျင်းပနိုင်ရန်အတွက် လိုအပ်သည်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ရက် **ရွှေလီမြို့။**

ထိုကဲ့သို့ အပစ်အခတ်ရပ်ဆိုင်းရေး လုပ်ငန်းစဉ်များကို စတင် ဆောင်ရွက်နိုင်ပြီဖြစ်သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ကချင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်မှ

လွယ်ကူအဆင်ပြေတာကို တွေ့ရပါတယ်။ အခုအချိန်မှာ လူငယ်လူရွယ်အမြောက်အမြား နည်းလမ်းမျိုးစုံနဲ့ နိုင်ငံရပ်ခြားကို စွန့်စားသွားရောက်အလုပ်လုပ်ကိုင်နေကြပါတယ်။ အဆင်ပြေတဲ့သူတွေက ငွေပြန်ပို့နိုင်ပြီး အဆင်မပြေတဲ့လူတွေလည်း တွေ့ရပါတယ်။ အချို့ဆိုရင် လူကုန်ကူးခံရတဲ့အဖြစ်မျိုးတွေတောင် ကြုံတွေ့ကြရတယ်လို့ ကြားရပါတယ်။ ဒါကြောင့် နိုင်ငံရပ်ခြားကိုသွားရောက်အလုပ်လုပ်မယ်ဆိုရင် တရားဝင်လမ်းကြောင်းကပဲ သွားရောက်ဖို့၊ ဒါမှသာ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ရရှိမယ်ဆိုတာ သိရှိဖို့၊ ဘာသာစကားကျွမ်းကျင်မှုကို ကြိုတင် လေ့လာထားဖို့ အကြံပြုလိုပါတယ်။ ဒါ့အပြင် နိုင်ငံရပ်ခြားမှာရှိတဲ့ ဆွေမျိုးမိတ်ဆွေတွေ၊ မြန်မာသံရုံးတွေနဲ့ ဆက်သွယ်ဆောင်ရွက်ဖို့၊ အလုပ်အကိုင် စာချုပ်စာတမ်းတွေကို အသေအချာ လေ့လာပြီးမှ သဘောတူ လုပ်ကိုင်ဖို့၊ မိမိတို့ သွားရောက်လုပ်ကိုင်တဲ့ နိုင်ငံရဲ့ အလုပ်သမားဆိုင်ရာ ဥပဒေတွေကို အကြမ်းဖျဉ်း လေ့လာထားဖို့ အကြံပေးလိုပါတယ်”ဟု ပြောပြသည်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော “နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ” နှင့် စပ်လျဉ်း၍ ကွဲလွဲချက် (၁၀)ချက်အနက် (၇) ချက်အား ပြည်သူ့လွှတ်တော်က သဘောတူပြီး ကွဲလွဲချက်(၃)ချက်ကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးတင်ပြရန် လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို ညနေ ၃ နာရီခွဲတွင် ရပ်နားပြီး အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို မတ် ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်

ကုလသမဂ္ဂအမှုဆောင်

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

လူမှုဖူလုံရေးအဖွဲ့ဘဏ္ဍာရေးဆိုင်ရာစာရင်းကိုင်သင်တန်းဖွင့်

နေပြည်တော် မတ် ၁၂

လူမှုဖူလုံရေးအဖွဲ့ဘဏ္ဍာရေးဆိုင်ရာ စာရင်းကိုင်သင်တန်းဖွင့်ပွဲကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန စုဝေးခန်းမ၌ မတ် ၁၁ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများနှင့် ရုံးခွဲအသီးသီးမှ စာရင်းကိုင် သင်တန်းသား ၄၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၁၅ ရက်အထိ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်စိုက်လျှင် ဒို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ပြည်တွင်းသတင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘွမ်မြို့သို့ရောက်ရှိ

နေပြည်တော် မတ် ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဗီယင်ကျန်းမြို့၌ ကျင်းပမည့် (၅)ကြိမ်မြောက် အက်မက်စ် အစည်းအဝေးနှင့် (၆) ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီး အစည်းအဝေးတို့သို့ တက်ရောက်ရန် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် လာအိုနိုင်ငံ လွမ်ပရာဘွမ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘွမ်ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူး Mr.Sai Sa Mon Khom Thavong၊ လာအိုနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Dr.Khammoune VIPHONGXAY၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်စိုးဝင်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ပြည်နယ်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လွမ်ပရာဘွမ်မြို့ရှိ Manoluck ဟိုတယ်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

လာအို နိုင်ငံ လွမ်ပရာဘွမ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဒုတိယသမ္မတ ဒေါက်တာစိုင်း မောက်ခမ်းနှင့် အဖွဲ့ဝင်များအား လွမ်ပရာဘွမ်ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူး Mr.Sai Sa Mon Khom Thavong ကြိုဆို နှုတ်ဆက်စဉ်။ (သတင်းစဉ်)

(၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ကုလသမဂ္ဂအမှုဆောင်ဘုတ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၂

ပြည်ထောင်စု လွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုများရုံး၊ ကုလသမဂ္ဂ အမျိုးသမီးများအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်တို့မှ Ms.Merete Dyrud ခေါင်းဆောင်သည့် အမှုဆောင်ဘုတ်အဖွဲ့ဝင်များအား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် ကုလသမဂ္ဂမှ ပါဝင်ကူညီ ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ကုလသမဂ္ဂအမှုဆောင်ဘုတ်အဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မြင့်ဖေ၊ ဦးသိန်းဝင်း၊ ဒေါက်တာမြင့်ကြည်၊ ဦးညွန့်တင်၊ ဗိုလ်မှူးကြီး မောင်မောင်ထူး၊ ဦးဆိုင်ပေါင်းနပ်၊ ဒေါ်ခင်ဝိုင်းကြည်နှင့် ဦးဝင်းနောင်၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် Ms.Merete Dyrud ခေါင်းဆောင်သည့် ကုလသမဂ္ဂ အမှုဆောင်ဘုတ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၉/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၁၂ ခုနှစ်၊ မတ်လ ၁၂ ရက်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၁) တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သားတိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်။

ကရင်ပြည်နယ်လွှတ်တော်

(၁) ကြည်း၂၈၂၆၁ ဗိုလ်မှူး ထွန်းထွန်းဦး	**(အစား)**	ကြည်း ၂၉၇၆၄ ဗိုလ်မှူး ကျော်ကျော်ဦး

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

(၂) ကြည်း ၃၃၁၈၁ ဗိုလ်မှူးအောင်ကျော်ကျော်စိုး	**(အစား)**	ကြည်း ၃၃၅၃၁ ဗိုလ်မှူး နိုင်ဝင်းငြေး

မွန်ပြည်နယ်လွှတ်တော်

(၃) ရေ ၃၇၃၂ ဗိုလ်မှူး သန်းလွင်	**(အစား)**	ရေ ၃၇၀၀ ဗိုလ်မှူး သိန်းဇော်

ရခိုင်ပြည်နယ်လွှတ်တော်

(၄) ရေ ၃၅၇၅ ဗိုလ်မှူး ခွန်မျိုးမြရှိန်	**(အစား)**	ရေ ၄၀၆၂ ဗိုလ်မှူး ကောင်းမြတ်စိုး
(၅) ရေ ၃၇၀၆ ဗိုလ်မှူး ကျော်သက်နိုင်	**(အစား)**	ရေ ၃၉၀၀ ဗိုလ်မှူး စိုးပိုင်

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

(၆) ရေ ၃၆၂၀ ဗိုလ်မှူး ကျော်ဝင်းလှိုင်	**(အစား)**	ရေ ၃၆၄၁ ဗိုလ်မှူး အောင်ကျော်လွင်

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းနှင့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေနှိုင်းယှဉ်သုံးသပ်တင်ပြခြင်းအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ကြီးမှူးကျင်းပသည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ နှိုင်းယှဉ်သုံးသပ်တင်ပြခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ Orchid Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ဒုတိယဥက္ကဋ္ဌ (၂) ဦးကျော်ဦး (ပါရမီစာအုပ်တိုက်)က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အသင်းဒုတိယဥက္ကဋ္ဌ (၁)ဦးမျိုးအောင်(ပြည့်စုံစာအုပ်တိုက်)က လက်ရှိရေးဆွဲထားသောပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းနှင့် တည်ဆဲဥပဒေဖြစ်သည့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေတို့ကိုနှိုင်းယှဉ် သုံးသပ်အရှင်းလင်းတင်ပြသည်။

ယင်းနောက် အသင်းအလုပ်အမှုဆောင် ဦးရဲမြင့်(ချမ်းသာစာပေနှင့် ပုံနှိပ်တိုက်)က ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းပါ ထုတ်ဝေသူများ သိသင့်သည့် ဥပဒေပါ ဖွင့်ဆိုချက်များကိုရှင်းလင်းတင်ပြပြီး အသင်းအတွင်းရေးမှူး(၁) ဦးသိမ်းစိုး (သီဟရတနာစာပေ)က နိဂုံးချုပ် စကားပြောကြားသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ အသင်းဝင်များက ဥပဒေကြမ်းနှင့် ပတ်သက်၍ မိမိတို့၏ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကိုစာဖြင့် ပွင့်ပွင့်လင်းလင်း ရေးသား အကြံပြုတင်ပြကြသည်။

ထို့နောက် ဆွေးနွေးအကြံပြုချက်များအရ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကြမ်းကို ထောက်ခံကြောင်း သဘောထားထုတ်ပြန်ချက် (၁/ ၂၀၁၂)ကို ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ သဘောထား ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းအတွက်မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းသဘောထားထုတ်ပြန်ချက်(၁/၂၀၁၂)

နေ့စွဲ။ ။ ၂၀၁၂၊ မတ်လ၊ ၁၂ ရက်

၁။ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတွင် ပါဝင်သော အဖွဲ့ဝင်များမှာ စာပေထုတ်ဝေရေးလုပ်ငန်းတွင် နှစ်ပေါင်းများစွာ တစိုက်မတ်မတ် လုပ်ကိုင်နေသူများ ဖြစ်ကြပါသည်။

၂။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့က အများပြည်သူ လေ့လာအကြံပြုနိုင်ရန် သတင်းစာတွင် ဖော်ပြထားသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းသည် စာအုပ်ထုတ်ဝေရေးလောက၏ ရပ်တည်ရေးကို ဥပဒေကြောင်းအရ အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။

၃။ တည်ဆဲဥပဒေများဖြစ်သည့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေနှင့် ၁၉၃၁ ခုနှစ် ပုံနှိပ်သူများ(အရေးပေါ်အာဏာ)ဥပဒေများနှင့် နှိုင်းယှဉ်ကြည့်ပါက ထုတ်ဝေသူများအနေဖြင့်လည်း ပိုမိုလွတ်လပ်ပျော့ပျောင်းစွာ လုပ်ကိုင်နိုင်ခွင့်များ ရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ လက်ရှိထုတ်ပြန်ထားသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း အမှုဆောင်များက ထောက်ခံပါသည်။ **(သတင်းစဉ်)**

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်း ဥပဒေကြမ်းနှင့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေ သူ များ မှတ် ပုံ တင် ဥပဒေ နှိုင်းယှဉ်သုံး သပ်တင်ပြ ခြင်း အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

တိုက်ဆောက်ရန်မြေတွင်းတူးရာမှ အမြောက်ကျည်ဆန်များတွေ့ရှိ

စစ်ကိုင်း မတ် ၁၂

စစ်ကိုင်းမြို့ မြဝတီရပ်ကွက် နယ်မြေ အမှတ်(၁)အတွင်းရှိ အိမ်ရှင် ဦးထွန်းမြင့်ဦး၏ နေအိမ်ဝင်းအတွင်း တစ်ထပ် RC ဆောက်လုပ်ရန်အတွက် အောက်ခံဖောင်ဒေးရှင်း အကျယ် နှစ်ပေ၊ အနက် သုံးပေ၊ ပေ ၃၀ ပတ်လည်တွင်းတူးရာ မတ် ၈ ရက် ညနေပိုင်းတွင် မြေတွင်းတူးအဖွဲ့ ဦးဖိုးလုံးနှင့် ငါးဦး တူးဖော်သည့်နေရာမှ အရှည် တစ်ပေ ခြောက်လက်မခန့်နှင့် လုံးပတ် လေးလက်မရှိ အမြောက်ကျည်ဆန်ပေါင်း ၁၄ လုံးနှင့် အရှည် တစ်ပေ ခန့်၊ လုံးပတ် လေးလက်မရှိ အမြောက်ကျည်ဆန် ငါးလုံး၊ ထိပ်ဖူး ၁၅ ခုတို့ကို တူးဖော်တွေ့ရှိသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းဦးနှင့်အဖွဲ့ထံ အကြောင်းကြား အသိပေးပြီးနောက် မတ် ၉ ရက်က လုပ်ငန်းဆက်လက် လုပ်ကိုင်ရာတွင်လည်း ညနေပိုင်းတွင် အမြောက် ကျည်ဆန်ဟောင်း အရှည် တစ်ပေ၊ လုံးပတ် လေးလက်မ ငါးလုံး ထပ်မံတွေ့ရှိသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် အမှတ်(၁)ရဲစခန်းမှ နယ်ထိန်း စန်းနိုင်ဦး၊ ဒုရဲအုပ်လူဇော်နှင့် နယ်မြေခံရဲကင်းမှူး မောင်မောင်စိုးတို့ထံ ဆက်လက်အကြောင်းကြား ကြည့်ရှုစစ်ဆေးပြီး ယင်းအမြောက်ကျည်ဆန်များကို ည ၇ နာရီ ၄၅ မိနစ်တွင် သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(ယာပုံ) မျိုးဝင်း

အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာမည့် စက်မှုဇုန် (စစ်ကိုင်း)

စစ်ကိုင်း မတ် ၁၂

စစ်ကိုင်းမြို့ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီမှ စက်မှုဇုန်တွင် လုပ်ကိုင်နေသော လုပ်ငန်းများနှင့် ပတ်သက်၍ မြို့ဘက်စုံဖွံ့ဖြိုးရေးအဖွဲ့ (မြို့မိမြို့ဖ) နှင့် သတင်းစာ ဆရာ၊ စာရေးဆရာများ ရှင်းလင်းပွဲကို မတ် ၉ ရက် နံနက် ၁၀ နာရီက ပတ္တမြားရပ်ကွက် စက်မှုဇုန်ကြီးကြပ်မှု ကော်မတီရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုမြင့်က စစ်ကိုင်းစက်မှုဇုန် စတင်တည်ဆောက်မှု၊ စက်ရုံအလုပ်ရုံဖွဲ့စည်းဆောင်ရွက်နေမှုများ၊ ကုန်ပစ္စည်းထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စက်ရုံအလုပ်ရုံများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံပြသကာ သက်ဆိုင်ရာ စက်ရုံမှူးများက ရှင်းလင်းပြသကြသည်။

စစ်ကိုင်းမြို့စက်မှုဇုန်ကို စစ်ကိုင်းမြို့မြောက်ဘက် မင်းဝံတောင်အနောက်ဘက် ပတ္တမြားရပ်ကွက်နှင့် နီလာရပ်ကွက်ရှိ မြေဧရိယာ ၈၈၈ ဒသမ ၅၂ ဧက၌ မြေကွက်ပေါင်း ၁၉၄ ကွက်ပေါ်တွင် စက်ရုံ၊ အလုပ်ရုံပေါင်း ၄၃ ရုံ တည်ဆောက်ထားကြောင်း သိရသည်။

အဆိုပါ စက်ရုံ၊ အလုပ်ရုံတို့တွင် သစ်အခြေခံစက်ရုံ ကိုးရုံ၊ အထပ်သား ဆိုက်စုံ၊ ဖော်မီကာ၊ ကြမ်းခင်းလျှာထိုး၊ ပရိဘောဂ၊ တံခါးရွက်၊ ပြတင်းပေါင်၊ ပါကေးနှင့် သစ်ခွဲသားဆိုက်စုံတို့ ထုတ်လုပ်ပေးလျက်ရှိသည်။ လူသုံးအိမ်သုံး စက်ရုံ ၁၈ ရုံ၊ စားသောက်ကုန် စက်ရုံ ငါးရုံ၊ သံရေကျို စက်ရုံ ကိုးရုံနှင့် ကားထုတ်လုပ်ရေး စက်ရုံ နှစ်ရုံတို့ဖြစ်ပြီး အလုပ်ရုံ၊ စက်ရုံများအတွက် လိုအပ်သော လျှပ်စစ် ဓာတ်အားအနေဖြင့် မုံရွာ စက်မှုဇုန်ခွဲ (စစ်ကိုင်း) တွင် 10 MVA ဓာတ်အား ခွဲရုံဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက် ရှိကာ စက်ရုံ၊ အလုပ်ရုံများတွင် ကိုယ်ပိုင်ထရန်စဖော်မာ တပ်ဆင်ထားမှုမှာ 500 KVA ၂၇ လုံးနှင့် 315 KVA ၁၈ လုံး ဖြစ်သည်ဟု သိရသည်။

စက်ရုံအလုပ်ရုံများတွင် လုပ်ကိုင်လျက်ရှိသော ကာယ၊ ဉာဏ အလုပ်သမားများ၏ ကုန်ထုတ်လုပ်မှု စွမ်းဆောင်ရည် မြင့်မားစေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လူမှုဖူလုံရေးအဖွဲ့က ပုံမှန်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။ အလုပ်သမားမိသားစုအတွက် နေ့ ကလေးထိန်းဌာန၊ ကျန်းမာရေး ဆေးပေးခန်းနှင့်သောက်သုံးရေ ရရှိရေးအတွက်ပါ စီမံထားသည့်အပြင် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မီးသတ်စခန်းလည်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ စစ်ကိုင်းစက်မှုဇုန်ကို စစ်ကိုင်း-မုံရွာ စက်မှုဇုန်ခွဲအဆင့်မှ သီးသန့်ဇုန်အဖြစ် အဆင့်တိုးမြှင့်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ စစ်ကိုင်းမြို့တွင် စက်မှုဇုန်မှ စက်ရုံ၊ အလုပ်ရုံများ ပေါ်ထွန်းလာသဖြင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ ပြည်သူများ၊ မိသားစုများအတူ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာပြီး မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။

(၁၃၇)

လျှောင်ဒဏ်သင့် အဆောက်အအုံများ ပြုပြင်ရေး အလှူငွေများ လှူဒါန်းနိုင်

အမရပူရ မတ် ၁၂

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နန်းတော်ရာစံပြကွက်သစ်ရပ်ကွက်ရှိ သမိုင်းဝင်သာသနိကအဆောက်အအုံများသဘာဝ လျှောင်ဘေးဒဏ်ကြောင့် ပျက်စီးမှုများအတွက် မတ် ၆ ရက် နံနက် ၁၀ နာရီက စာနယ်ဇင်းရှင်းလင်းပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ ရွှေကွန်ခြာအုပ်ဆုတောင်းပြည့်မြတ်စွာဘုရား၊ ရွှေကွန်ခြာအုပ် ကျောင်းနာယက ဗုဒ္ဓသာသနာပြု ဆရာတော် ဘဒ္ဒန္တ ခေမာသီရိက ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က သဘာဝလျှောင် ဘေးဒဏ်ကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများကို ရှင်းပြခဲ့သည်။ ယင်းတို့ကို ရွှေကွန်ခြာအုပ်ကျောင်းနာယကဗုဒ္ဓသာသနာပြု ဆရာတော် ဘဒ္ဒန္တခေမာသီရိက ကြီးမှူး၍ စေတီတော်ပြုပြင်ရေးအဖွဲ့က ပြန်လည်ပြုပြင်ဆောင်ရွက်မည်ဖြစ်ရာ သဒ္ဓါကြည်လင် ပါရမီရှင်ပြည်သူများ နိဗ္ဗာန်အကျိုးမျှော် ကုသိုလ်ပြု ပါဝင်လှူဒါန်းလိုပါက ရွှေကွန်ခြာအုပ်ဆရာတော်ဖုန်း-၀၉-၄၀၂၅၇၉၉၀၀နှင့် ၀၂-၅၉၅၃၁၊ စေတီတော်ပြန်လည်ပြုပြင်တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သိုက် ဖုန်း-၀၉-၂၀၀၇၁၁၀၀၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၄၄၄၀၁၆၈၉၉ သို့ ဆက်သွယ်လှူဒါန်းရန် နှိုးဆော်ထားကြောင်းသိရသည်။

ခင်ခင်ဝင်း (ပညာရေး)

လှိုင်သာယာတွင် ဆီဘောက်ဆာဆီဖြည့်ရာမှ မီးလောင်မှုဖြစ်

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဆိပ်ကမ်းသာလမ်းရှိ မြန်မာမန်း ရေလုပ်ငန်းကုမ္ပဏီဝင်းအတွင်း၌ Premium Petro Co.,Ltd. ဆီဖြန့်ဖြူးရေးလုပ်ငန်းမှ ဆီဖြည့်စဉ် ယနေ့ မွန်းတည့် ၁၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ စက်သုံးဆီသိုလှောင်ရုံ စတိုတာဝန်ခံ ဦးဝင်းနောင် (၅၀)နှစ်က အလုပ်သမားများဖြစ်သော မောင်သူရိန်၊ မင်းထိုက်အောင်၊ ခင်မောင်ဌေး၊ ဇော်မိုးနိုင်တို့အား ဂါလန် ၂၈၀၀ ဆံ့ ဆီဘောက်ဆာယာဉ်နှစ်စီးသို့ ဒီဇယ်ဆီဖြည့်ခိုင်းရာ ဆီဘောက်ဆာပေါ်သို့ တက်ရောက်ဆီဖြည့်သော မင်းထိုက်အောင်၏ဆီဖြည့်ဂေါက်တံနှင့် ဆီဝင်ပေါက်နှုတ်ခမ်းဝ ရှိသံပြားတို့ရိုက်မိပြီး မီးပွင့်ရာမှ မီးစတင်လောင်ကျွမ်းရာ ခင်မောင်ဌေးမှာ ကားအောက်သို့ခုန်ချခဲ့ပြီး ကားအောက်တွင် ကားပြင်နေသူ သူရိန်နှင့်မင်းထိုက်အောင်တို့မှာ ခန္ဓာကိုယ်အနှံ့မီးလောင်ကျွမ်းခံရသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် ကုသလျက်ရှိကြောင်းသိရသည်။

မီးလောင်ရာသို့ မီးသတ်ယာဉ် ၅၈ စီးဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မီးညွန့်ကျိုး၍ ၁၂ နာရီ ၅၅ မိနစ်တွင်မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် ဂါလန် ၂၈၀၀ ဆံ့ ဆီဘောက်ဆာယာဉ်နှစ်စီး၊ သိုလှောင်ကန်အတွင်းရှိသော စက်သုံးဆီဂါလန် ၂၄၀၀၊ပေ ၂၀ နှင့် ပေ (၄၀×၁၀၀)ရှိသော လူနေတန်းလျားနှစ်လုံး၊ ဆီပန့်တစ်လုံး၊ ဆိပ်ကမ်းရှိ ငါးဖမ်းစက်လှေအပေါ်ပိုင်းတို့ မီးလောင်ကျွမ်းခဲ့ပြီး ငွေကျပ် သိန်း ၂၉၀ ခန့် ဆုံးရှုံးခဲ့ရာ မင်းထိုက်အောင် ၂၉ နှစ်အား လှိုင်သာယာ ရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဤကဲ့သို့ ဒီဇယ်ဆီများဖြည့်တင်းစဉ် မီးလောင်မှုကြီးဖြစ်ပွားမှုမှာ ၂၀၁၃ ခုနှစ် နှစ်ဦးပိုင်း၌ပင် နှစ်ကြိမ်တိတိ ဖြစ်ပွားခဲ့သည်။ ပထမအကြိမ်မှာ လှိုင်မြို့နယ်အတွင်း၌ ဖေဖော်ဝါရီ ၄ ရက်က ဖြစ်ပွားခဲ့သည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ "အခုနှစ်က အပူချိန်အတော်ကိုပြင်းတယ်။ အခုလိုလောင်စာဆီတွေကို အလဲအဖယ်လုပ်တာပဲဖြစ်ဖြစ်၊ ဖြည့်တင်းတာပဲဖြစ်ဖြစ် နံနက်စောစောပိုင်းနဲ့ ညနေ နေအေးအေးအချိန်လောက်မှာပဲ လုပ်သင့်တယ်။ အခုလို နေပြင်းတဲ့အချိန်မှာလုပ်ရင် အခုလိုပဲ အန္တရာယ်ဖြစ်တတ်တယ်ဆိုတာ လက်တွေ့ပါပဲ။ အဲဒါကို တာဝန်ရှိသူတွေက ကြပ်ကြပ်မတ်မတ်နဲ့ထိန်းဖို့သင့်ပါပြီ" ဟု မီးလောင်မှုကိုလာကြည့်သော အမျိုးသားကြီးတစ်ဦးက မှတ်ချက်ပြုသည်။

မီးငြိမ်းသတ်ရာသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ်ဦးတင်မိုးနှင့်ဒေသဆိုင်ရာ တာဝန်ရှိသူများက လာရောက်အကူအညီပေးခဲ့ကြသည်။ မီးငြိမ်းသတ်ရေးနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ အရာရှိကြီးတစ်ဦးနှင့်တွေ့ဆုံခိုက် ယခုအခါ မီးသတ်ယာဉ်များ မောင်းနှင်လာရမှုနှင့်ပတ်သက်ပြီး လမ်းပန်းအခက်အခဲအခြေအနေကို မေးကြည့်မိခဲ့သည်။

မီးသတ်အရာရှိကြီးက "အခုက ရန်ကုန်မြို့မှာယာဉ်တွေက အတော်များလာပြီ။ လမ်းအခက်အခဲကြောင့် အခိုက်အတန့်အားဖြင့် သွားလာမှုအကျပ်အတည်းတွေဖြစ်နေပါတယ်။ ဒါပေမယ့် အချို့မော်တော်ယာဉ်မောင်းသူတွေက လမ်းကျပ်ခြင်းကို အကြောင်းပြုပြီး အခုလိုအရေးပေါ်အချိန်နဲ့ပြေးလာရတဲ့ မီးသတ်ယာဉ်တွေပေါ်မှာ နားလည်မှုမပေးကြဘူး။ အချို့ကျတော့ ရှေ့ကအရင်ဦးအောင် အပြေးအလွှားမောင်းကြတယ်။ အချို့ကျတော့ ယှဉ်မောင်းပြီး လိုက်လာကြတယ်။ သူတို့လည်း မိမိမိသားစုအိမ်အတွက် စိတ်ပူကြတာနေမှာပါ။ ဒါပေမယ့် အဲဒီလိုမောင်းခြင်းဟာ အလွန်အန္တရာယ်များပါတယ်။ ဒီလိုအခက်အခဲကြောင့်လည်း ကျွန်တော်တို့ မီးသတ်ယာဉ်တွေအနေနဲ့ အနည်းငယ်အချိန်နှောင့်နှေးမှုတွေ ဖြစ်ခဲ့ရပါတယ်။ မီးလောင်ရင် တစ်စက္ကန့်၊ တစ်မိနစ်ဟာလည်း အလွန်အင်မတန်မှ အရေးကြီးပါတယ်။ အဲဒါကြောင့် ခရီးသွားယာဉ်မောင်းသူတွေအနေနဲ့ မီးသတ်ကားများနဲ့ယှဉ်မမောင်းကြပါနဲ့။ မီးသတ်ယာဉ်များကို အသံကြားတာနဲ့ ရှောင်တိမ်းပေးကြပါ။ ဦးစားပေးကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်" ဟု မြန်မာ့အလင်းသတင်းအဖွဲ့သို့ ပြောကြားခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ
သန်းထိုက်(လှိုင်သာယာ)နှင့်
တင်ဝင်းလေး(ကြည့်မြင်တိုင်)

PPCL စက်သုံးဆီသိုလှောင်ရုံအတွင်း မီးလောင်မှုဖြစ်ပွားစဉ်။

အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ စစ်ဆေးတွေ့ရှိ

ဝေါ မတ် ၁၂

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်းတံတား အဟောင်းအသစ်ဆုံရာ မဟာဗျူဟာလမ်းဆုံတွင် (Mobile Team-2) လရ-၂ ပူးပေါင်းအဖွဲ့သည် တရားမဝင်ကုန်ပစ္စည်းများနှင့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ သယ်ဆောင်လာသော မော်တော်ယာဉ်များကို မတ် ၁၁ ရက် နံနက် ၂ နာရီ မိနစ် ၂၀က ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်မောင်း ဦးဟူစိန်မောင်းနှင်လာသော ယာဉ်အမှတ် ၉ခ/---ယာဉ်ပေါ်တွင် ရေခဲသေတ္တာ (HITACHI) အမျိုးအစား ၆၂ လုံး ကာလတန်ဖိုးငွေ ကျပ် ၇၄၄၀၀၀၀အား စစ်ဆေးတွေ့ရှိရသည့်အတွက် အကခ အမှုတွဲအမှတ် ၁၁ လရ- ၂/၂၀၁၃(၃၀၂)ဖြင့် လည်းကောင်း၊ ယာဉ်မောင်း မင်းသူ မောင်းနှင်လာသော ယာဉ်အမှတ် ၂ဃ/---ယာဉ်ပေါ်တွင် စားဆီ ၁၅ ဖာ၊ အချိုရည် ၃၇ ကတ် ကာလတန်ဖိုးငွေကျပ် ၅၆၆၄၀၀ကို စစ်ဆေးတွေ့ရှိရသည့်အတွက် အကခ ၁၁ လရ-၂/၂၀၁၃(၃၁၂)ဖြင့်လည်းကောင်း၊ ယာဉ်မောင်းဇော်မင်းဦး မောင်းနှင်လာသော ယာဉ်အမှတ် ၃ဃ/---ယာဉ်ပေါ်တွင် စားဆီပုံး ၁၀ ပိဿာဝင် ပုံး၄၀ ကာလတန်ဖိုးငွေကျပ် ၆၄၀၀၀၀ကို စစ်ဆေးတွေ့ရှိရသည့်အတွက် အကခ အမှုတွဲအမှတ် ၁၁ လရ-၂/ ၂၀၁၃ (၃၁၃)ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ဘုန်းသော်-ဝေါ)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ်ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ်(Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

ရာဇာမင်းခရီးသည်သယ်ယူပို့ဆောင်ရေး
တမူး - ကလေး - မုံရွာ - နေပြည်တော် - ရန်ကုန်

ခရီးစဉ်သစ်ကို ရန်ကုန်မှ ၁၄- ၃- ၂၀၁၃ နေ့မှစ၍ နေ့စဉ် ညနေ(၄ း၀၀)နာရီတိတိ
တွင် အောင်မင်္ဂလာအဝေးပြေး အမှတ်(ဘ-၉) ဘ-၁၀ မှ ၎င်း
အမှတ်(၀၀၆)၊ ဗိုလ်ချုပ်လမ်းမကြီး ရေစာတန်း(၂)ရပ်ကွက်၊တမူးမြို့မှ
၁၅- ၃- ၂၀၁၃ မှစ၍နေ့စဉ် နံနက် (၇ း၀၀)နာရီတိတိတွင် ၎င်း
တမူး - ကလေး - မုံရွာ - နေပြည်တော် - ရန်ကုန် ခရီးစဉ်သစ်ကို ခေတ်မီ
Air-con လေအေးပေးကားကြီးများဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း မိတ်ဟောင်း
မိတ်သစ်များအား ကြိုတင်အသိပေးအပ်ပါသည်။

တမူး - ရန်ကုန်	ခရီးစဉ်	ယာဉ်စီးခနှုန်း - ၃၀၀၀၀ကျပ်
တမူး - နေပြည်တော်	ခရီးစဉ်	ယာဉ်စီးခနှုန်း - ၂၅၀၀၀ကျပ်
ကလေး - ရန်ကုန်	ခရီးစဉ်	ယာဉ်စီးခနှုန်း- ၂၅၀၀၀ကျပ်
မုံရွာ - ရန်ကုန်	ခရီးစဉ်	ယာဉ်စီးခနှုန်း - ၁၀၀၀၀ကျပ်
မုံရွာ -နေပြည်တော်	ခရီးစဉ်	ယာဉ်စီးခနှုန်း - ၆၀၀၀ကျပ်

ဝင်ရောက်ပိတ်များနှင့် ဂိတ်ခွဲများအားလုံးတွင် ယခုသတ်မှတ်နှုန်းထားအတိုင်း
ဝယ်ယူအားပေးနိုင်ပါသည်။

မှတ်ချက်
ရန်ကုန် -ကလေး - တမူး ခရီးစဉ်ကိုရန်ကုန်မြို့ [illegible]
[illegible] (၃ း၀၀)နာရီတိတိတွင်ထွက်ခွာပါမည်။

ကျေးဇူးတင်စွာဖြင့်
ရာဇာမင်းခရီးသည် သယ်ယူပို့ဆောင်ရေး

ကျေးဇူးဆပ်ပါမည်

Kandawgyi Palace Hotel အနီးတွင် ကျွန်တော်၏ Laptop (Mac Book Pro 13") သည် ၈-၃-၂၀၁၃ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးပြု၍ အကြောင်းကြားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။ ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်ခင်ဗျာ။

ဆက်သွယ်ရန်
ကိုပြည့်ဦးအောင် ဖုန်း-၀၉-၅၀၆၆၉၀၅၊ ၀၉-၄၃၀၇၃၂၁၉

ကရင်ပြည်နယ်အစိုးရအဖွဲ့
လမ်း၊ တံတား အသုံးပြုခ လေလံလုပ်ကိုင်ခွင့်
မဲစနစ်ဖြင့် လေလံတင်ရောင်းချရန်ကြော်ငြာ

၁။ ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ကရင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ လမ်း၊ တံတား၊ အသုံးပြုခကောက်ခံရေးစခန်းများ၏ ၁-၄-၂၀၁၃ ရက်မှ ၃၁-၃-၂၀၁၄ ရက်အထိ တစ်နှစ် လေလံလုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်များကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း လေလံ(မဲစနစ်)ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) လေလံရောင်းချမည့် လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်များ

စဉ်	ခရိုင်	ဂိတ်အမည်	လမ်းအပိုင်း
၁။	ကော့ကရိတ်	ကော့ကရိတ်ဂိတ် (ဝင်/ထွက်)	အိန္ဒူ-ကော့ကရိတ်-မြဝတီလမ်း
၂။	ဘားအံ	ဘားအံ(လှိုင်းဘွဲ)ဂိတ်	ဘားအံ-လှိုင်းဘွဲလမ်း

(ခ) လေလံရောင်းချမည့် တံတားအသုံးပြုခ ကောက်ခံရေးဂိတ်များ

စဉ်	ခရိုင်	ဂိတ်အမည်	လမ်းအပိုင်း
၁။	ဘားအံ	လှိုင်ဝတံတား	ဘားအံ-ကော့ကရိတ်-မြဝတီလမ်း
၂။	ကော့ကရိတ်	သဃ်န်းညီနောင်တံတား	ဘားအံ-ကော့ကရိတ်-မြဝတီလမ်း
၃။	ကော့ကရိတ်	မဲကနယ်တံတား	ဘားအံ-ကော့ကရိတ်-မြဝတီလမ်း

(ဂ) လေလံလျှောက်လွှာ စတင်ဝယ်ယူနိုင်သည့်နေ့ရက်၊ နေရာ
၁၃-၃-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)
ကရင်ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ဘားအံမြို့။

(ဃ) လေလံလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံး နေ့ရက်၊ အချိန်၊ နေရာ
၁၈-၃-၂၀၁၃ ရက်(တနင်္လာနေ့) ညနေ ၄း၃၀ နာရီ
ကရင်ပြည်နယ် အင်ဂျင်နီယာမှူးကြီးရုံး၊ ဘားအံမြို့။

(င) လေလံဖွင့်လှစ်မည့်နေ့ရက်၊ အချိန်၊ နေရာ
၁၉-၃-၂၀၁၃ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီ
ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၊ ဘားအံမြို့။

မှတ်ချက်။ လေလံလုပ်ကိုင်ခွင့်ပေးမည့်စနစ်နှင့် လေလံစည်းကမ်းချက်များကို ကရင်ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံးတွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုသောအချက်များကို ဖုန်း-၀၅၈-၂၁၀၁၅၊ ၀၉-၄၉၇၇၀၄၈၁၊ ၀၉-၈၅၄၀၅၀၉ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

လမ်း-တံတားအသုံးပြုခလေလံလုပ်ကိုင်ခွင့်ကြီးကြပ်ရေးအဖွဲ့
ကရင်ပြည်နယ်၊ ဘားအံမြို့

ပြည်တွင်းသတင်း

ကန်ငါးများသေဆုံးမှု စုပေါင်းအဖြေရှာကြပါစို့

သတင်းနှင့် ဓာတ်ပုံ-တင်ဝင်းလေး (ကြည့်မြင်တိုင်)

ယခုနှစ် နောက်ပိုင်းနှစ်များမှ စတင်၍ မွေးမြူရေးကန်များတွင် ငါးများသေဆုံးမှုကို မကြာခဏ ကြားသိနေရသည်။ နှစ်စဉ်လိုပင် ငါးများ သေဆုံးမှုနှင့်အတူ ကန်ငါးမွေးမြူသူများ အနည်းနှင့် အများဆိုသကဲ့သို့ အရှုံးနှင့်ရင်ဆိုင်နေကြရသည်။

မအူပင်နှင့် တွံတေးမြို့နယ်တို့၌ မွေးမြူရေးကန်များ ပိုင်ဆိုင်သည့် အဘဦးဝင်းအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

အဘဦးဝင်းက "ဟုတ်တယ်ငါ့လူရ၊ ဒီနှစ်ထဲမှာ ကန်ငါးတွေ သေပြန်ပြီ... အေး ... ဘာဖြစ်လို့လဲ မသိပြန်ပါဘူး။ ညွှန်ကြားတဲ့အတိုင်း ကန်ထဲမှာ ငါးအကောင်အရေအတွက်လည်း လျှော့ထားတယ်၊ အစာလည်း ချိန်ကျွေးတယ်၊ အရင်လို အကောင်ကြီးအောင်ဆိုပြီး အစာပိုကျွေးတာမျိုးလည်း မလုပ်ခဲ့ဘူး" ဟုဆိုပါသည်။

ယခုအပတ်ထုတ် ဂျာနယ်တစ်စောင်ထဲ၌ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းမြိုင်က "ငါးကန်တွေကို နှစ်နှစ်တစ်ကြိမ်အခြောက်ခံထားပြီး ငါးကိုလည်း ကန်ထဲမှာကျပ်နေအောင် မထည့်သလို အစာကိုလည်း လွန်လွန်ကဲကဲမကျွေးကြဘဲ၊ ရေသယံဇာတ အရည်အသွေးကိုပါ သတိထားမွေးမြူကြရင် ငါးသေဆုံးမှုတွေ မဖြစ်ဘူးဆိုပေမယ့် ဒါကသီအိုရီအပိုင်းအရ မှန်ပါတယ်။ ဒါပေမယ့် ဒီကနေ့ဖြစ်နေတာက အဲဒီလိုမဟုတ်ဘူး။ အကုန်လုံး စနစ်တကျလုပ်ကိုင်နေကြရင်းကပဲ ငါးသေဆုံးမှုတွေနဲ့ ကြုံတွေ့နေရပါတယ်" ဟု ပြောကြားမှုကို ဖတ်ခဲ့ရသည်။

မွေးမြူရေးဆိုင်ရာ ပညာရှင်တစ်ဦးက "ရာသီဥတု အကူးအပြောင်းကြောင့် ဖြစ်တတ်သလို ဒီဇင်ဘာ၊ ဇန်နဝါရီလတွေမှာလည်း သေတတ်တဲ့ သဘောရှိပါတယ်။ နောက်ဖေဖော်ဝါရီ၊ မတ်လတွေကျပြန်တော့လည်း ရာသီဥတုအပူလွန်ကဲမှုကြောင့် သေတတ်ပါတယ်။ ငါးမြစ်ချင်းထက် ငါးကြင်းက ပိုပြီးသေတတ်ပါတယ်။ သေဆုံးမှုမှာ ငါးမြစ်ချင်းက ဆယ်ရာခိုင်နှုန်းထက်တော့ မပိုပါဘူး။ ငါးကြင်းက ငါးမြစ်ချင်းထက်ပိုပြီးနေတယ်" ဟုပြောဖူးပါသည်။

တွံတေးမှ ငါးကန်ပိုင်ရှင် ဦးနိုင်ဝင်းက "ကန်ရေ တစ်ကန်နဲ့ တစ်ကန် ရေကူးရင်လည်း ဖြစ်တတ်တယ်လို့ သိထားရတယ်။ ဒါပေမယ့် အချို့ကန်တွေက တစ်ကန်တည်း ထီးထီးကြီးဘေးမှာ ဘာကန်မှမရှိပေမယ့်လည်း သေကြတာကို တွေ့ရတယ်။ ဘာကြောင့်လဲဆိုတာကိုတော့ ဘယ်လိုပြောရမှန်းမသိတော့ပါဘူး" ဟု ဆိုခဲ့ပါသည်။

တွံတေး၊ မအူပင်၊ ညောင်တုန်း စသည်တို့မှ ကန်ငါးများလည်း စံပြငါးဈေးကမ်းနားဆိပ်သို့ နေ့စဉ်တင်ပို့နေမှုကို တွေ့ရစဉ်။

တင်ပြရေးသား

ဤသို့ဆိုလျှင်ဖြင့် ငါးများဘာကြောင့် သေဆုံးရသနည်း၊ စိတ်ဝင်စားဖို့အလွန်မှပင် ကောင်းနေပါပြီ။ ဘုမသိဘမသိအဖြစ်မျိုး မဖြစ်ရလေအောင် တိတိကျကျ သေသေချာချာ ရေရာသော အဖြေတစ်ခုခုကို အမြန်ဆုံးလိုအပ်နေသော အချိန်သို့ ဆိုက်ရောက်နေပြီဖြစ်ပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ပြည်တွင်းမှ မွေးမြူရေးဆိုင်ရာပညာရှင်များ လိုအပ်ပါက နိုင်ငံခြားမှ ပညာရှင်များပါ ဖိတ်ကြား၍ အလုပ်ရုံဆွေးနွေးပွဲများဖြင့် အဖြေရှာသင့်ပြီဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။

အလေးမအားကစားနည်း အောင်မြင်မှုရရှိရေး တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၁၂

၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အလေးမအားကစားနည်းဖွံ့ဖြိုးတိုးတက်အောင်မြင်မှု ရရှိရေးအတွက် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်တို့ တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၀ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖြည့်စွက်မှာကြား

အစီ အစဉ်အရ ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး အလေးမအားကစားနည်း အောင်နိုင်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လင်း၊ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဖြစ်သော ဦးထွန်းမောင်(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ-ငြိမ်း)နှင့် လက်ရွေးစင် အားကစားသမားဟောင်းများက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Sunkist Launching Ceremony အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၂

Sunkist Launching Ceremony အခမ်းအနားကို မတ် ၉ ရက် ညနေ ၆ နာရီခွဲတွင် အင်လျားလိတ်ဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ Sunkist Grower မှ Director of Global Licensing Mr. Dave Bolton၊ Myanmar Distribution Group (MDG) နှင့် Myanmar Beverage Company (MBC) မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနေကြောင်း၊ အချိုရည်ဈေးကွက်တွင် ကမ္ဘာသိ Brand တစ်ခုဖြစ်သော Sunkist အချိုရည်သည် လွန်ခဲ့သော နှစ်ပေါင်း ၁၁၇ နှစ်ကတည်းက သဘာဝသစ်သီးများဖြင့် ထုတ်လုပ်သည့် ကုန်ပစ္စည်းဖြစ်သည်ကို သိရပြီး မြန်မာနိုင်ငံ၌လည်း နှစ်ပေါင်းများစွာ ရင်းနှီးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ လာရောက်ရင်းနှီးမြှုပ်နှံသည့်အတွက် ယနေ့အချိန်မှစပြီး မိမိတို့၏ လက်တစ်ကမ်းမှာပင် သက်သာသော ဈေးနှုန်း၊ လတ်ဆတ်သော အရသာတို့ကို အချိန်တိုင်းရရှိမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

Sunkist အချိုရည်ကို Myanmar Beverage Company က ပြည်တွင်း၌ ထုတ်လုပ်ပြီး Myanmar Distribution Group က ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထမံသီဘေးမဲ့တော ဘီဘီစီက ရုပ်သံရိုက်ကူး

ဟုမ္မလင်း မတ် ၁၂

ဟုမ္မလင်းမြို့နယ် ထမံသီဘေးမဲ့တောတွင် ရုပ်မြင်သံကြားရိုက်ကူးရန်အတွက် ဘီဘီစီရုပ်သံရိုက်ကူးရေးအဖွဲ့ဝင် ၁၂ ဦးသည် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၉ ရက်က ဟုမ္မလင်းလေဆိပ်သို့ ရောက်ရှိလာခဲ့ကြောင်း သတင်းရရှိသည်။

ဘီဘီစီရုပ်မြင်သံကြား ရိုက်ကူးရေးအဖွဲ့သည် မတ် ၁၁ ရက်မှ ၂၁ ရက်အထိ မိုးပျံပူဖောင်းအသုံးပြုပြီး ထမံသီစခန်းနေရာ တစ်ဝိုက်တွင် မြန်မာနိုင်ငံ၏ သဘာဝရှုခင်းများနှင့် တောရိုင်းတိရစ္ဆာန်များအား ရုပ်မြင်သံကြားရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။ ဟုမ္မလင်းမြို့နယ်တွင် သစ်တောကြိုးဝိုင်း ၁၂ ဝိုင်းရှိပြီး ဧရိယာဧက ခြောက်သိန်းကျော်ရှိကြောင်း သိရသည်။ (၁၁၇)

လေးဆယ့်ငါးကြိမ်မြောက် (၇) ရက်အချိန်ပိုင်း

ပျောက်ဆုံးကြောင်း
ကျွန်တော်ဦးရဲကျော်သူ ၉/မထလ(နိုင်)၀၀၃၁၁၆ P.P-၀၀၇၂၇၄ သည် ၃-၃-၂၀၁၃ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၃၀၀၃၁၃၊ ၀၁-၈၅၀၀၅၆၇

အများသိစေရန် အသိပေးကြေညာချက်

လေလံတင်ရောင်းချရန်ကြော်ငြာ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ အသုံးမပြုတော့သည့် ထွန်စက်ဟောင်းများနှင့်အခြားစက်ပစ္စည်းဟောင်းများကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) လေလံတင်ရောင်းချမည့်နေရာ - စိုက်ပျိုးရေးသုတေသနဦးစီးဌာန
(ခ) လေလံတင်ရောင်းချမည့်ရက် - ၂၄-၃-၂၀၁၃ရက်
(ဂ) လေလံပုံစံ ရောင်းချမည့်နေရာ - စိုက်ပျိုးရေးသုတေသနဦးစီးဌာန
(ဃ) လေလံပုံစံစတင်ရောင်းချမည့်ရက် - ၁၄-၃-၂၀၁၃ရက်မှ၁၈-၃-၂၀၁၃ရက်

လေလံပုံစံနှင့်စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၅၀၀၀ ဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ပစ္စည်းဟောင်းများ လေလံတင်ရောင်းချရေးအဖွဲ့
စိုက်ပျိုးရေးသုတေသနဦးစီးဌာန
ဖုန်း-၀၆၇-၄၁၆၅၉၂

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
တင်ဒါဖွင့်ရက်ရွှေ့ဆိုင်းခြင်း

၆-၃-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနပိုင်အမှတ် ၁၆၃/၁၆၉၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မော်တော်ယာဉ်အလုပ်ရုံ သုံးထပ်၏ ပထမထပ်အား ပုဂ္ဂလိကသို့ ငှားရမ်းရန်အတွက် ၁၄-၃-၂၀၁၃ ရက်တွင် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည်ဟု ကြေညာချက်အား ရက်ရွှေ့ဆိုင်းလိုက်ပါသည်။ ဖွင့်ဖောက်မည့်နေ့ရက်ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

တင်ဒါကြီးကြပ်မှုကော်မတီ
ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
နေပြည်တော်

မြန်မာနိုင်ငံစာရင်းကောင်စီ
စာရင်းကိုင်အလုပ်သင်နှင့်သင်တန်းကြီးကြပ်ရေးကော်မတီ
ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း)သင်တန်းစာမေးပွဲကျင်းပခြင်း

၁။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း)သင်တန်းစာမေးပွဲကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်စာစစ်ဌာန(ရုံးအမှတ် ၁၂၊ နေပြည်တော်)နှင့် ရန်ကုန် သင်တန်းကျောင်းစာစစ်ဌာန (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်)နှစ်ခုခွဲ၍ ၂၀၁၃ ခုနှစ် မေ ၆ရက်မှ ၁၀ရက်အထိ တစ်ပြိုင်တည်း ကျင်းပပါမည်။

၂။ ဖြေဆိုခွင့်လျှောက်လွှာကို သက်ဆိုင်ရာစာစစ်ဌာနများတွင် ဝယ်ယူ၍ ၂၀၁၃ ခုနှစ် မတ်၁၅ရက်မှ ၂၉ရက်အတွင်း ရုံးဖွင့်ရက်များ၌ (၁၀း၀၀နာရီမှ ၁၅း၀၀နာရီအတွင်း) စာမေးပွဲကြေး ကျပ် ၃၀၀၀ ပေးသွင်းပြီး ယင်းငွေရပြေစာမူရင်း၊ လိုင်စင်ဓာတ်ပုံသုံးပုံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း+ မိတ္တူ)ပြသ၍ ဖြေဆိုသူကိုယ်တိုင် သက်ဆိုင်ရာ စာစစ်ဌာနတွင် လျှောက်လွှာတင်သွင်းရမည်။

၃။ အောက်ပါပုဂ္ဂိုလ်များသာလျှင် လျှောက်ထားရပါမည်။
(က) ဖွင့်လှစ်ဆဲသင်တန်း တက်ရောက်သူများသည် သင်တန်းကာလအတွင်း ဘာသာရပ်အားလုံး၌ ကျောင်းခေါ်ချိန် ၆၀ ရာခိုင်နှုန်း ပြည့်မီရမည်။
(ခ) ယခင်စာမေးပွဲများတွင် ကျရှုံးခဲ့သူများ (ယခင် ဖြေဆိုခဲ့သည့် အထောက်အထား တင်ပြရမည်)

၄။ ဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာစစ်ဌာနတွင် ၂၀၁၃ ခုနှစ် ဧပြီ ၂၅ရက်မှ မေလ ၃ရက်အတွင်း ရုံးဖွင့်ရက်များတွင် ထုတ်ပေးပါမည်။ စာမေးပွဲစတင်ဖြေဆိုသည့်ရက်တွင် လုံးဝ ထုတ်ပေးမည်မဟုတ်ပါ။

၅။ သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းလာသည့် လျှောက်လွှာများနှင့် အချက်အလက် မပြည့်စုံသော လျှောက်လွှာများအတွက် မည်သည့်အကြောင်းပြချက်ကိုမျှ လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီ

Y.E.S. Since 1994
English Language Centre
နွေရာသီကလေးများအတွက်
အင်္ဂလိပ်စကားပြောသင်တန်းများ
LEVELS I, II & III
MON TO THUR - 7:30 - 9:30 AM
18. 3. 2013 မှစမည်။
No.190, 2nd Flr.,28thSt.(Upper), Pabedan Tsp. ☎ 243950

Since 1989
SAYA-TONY
* IELTS / TOEFL
* Elementary Spoken English (ESE)
* Intermediate General English (IGE)
* Advanced General English (AGE)
* Grammar & Basic Translation Course
☎ : 249178, 09-5138867, 09-5061343, 09-445000410

အမျိုးသမီးရေးရာ အဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးထပ်ဆင့်ရှင်းလင်း

ပဲခူး မတ် ၁၂

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၂ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့် ရှင်းလင်းပွဲအခမ်းအနားကို မတ် ၇ ရက် ညနေက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သာသနာ့ဗိမာန် စိတ္တသုခ ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် နာယက ဒေါ်မြင့်မြင့်စိုးက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်မေသူက ၂၀၁၂ ခုနှစ် အကုန်တွင် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၂ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးမှ အကြံပြုချက်သုံးသပ်ချက်များကို ပြန်လည်ထပ်ဆင့်ရှင်းလင်းခဲ့သည်။ ထို့နောက် ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ သာယာဝတီခရိုင်၊ ပြည်ခရိုင်အတွင်းရှိ ၂၈ မြို့နယ်မှ အမျိုးသမီးရေးရာ ဥက္ကဋ္ဌများက ၂၀၁၂ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(သန့်စင်)

လယ်ယာစပါး

ပြည့်အားထား

တားဆီးကာကွယ်

မီး ရန်စွယ်

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် မတ် ၁၂

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုညီလာခံအဖွဲ့ဝင် ၂၁ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အလုပ်အမှုဆောင် ၁၄၀နှင့် နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ၉၄ ဦးတို့သည် မတ် ၁၁ နံနက် ၁၀ နာရီက ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ ကျင်းပနေပုံကို လေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီနိုဝင်းနှင့်ရောင်းရင်းများ

SCANIA Bus

ဂန္ဓဝင်ရွှေပုံ Travels & Tours

ပုဂံ-ပုပ္ပါး-မန္တလေး-ပြင်ဦးလွင်	(၅ ညအိပ်-၆ရက်)	၂.၂ သိန်း
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော	(၄ ညအိပ်-၅ရက်)	၁.၈ သိန်း
မန္တလေး-လားရှိုး-မူဆယ်-ရွှေလီ	(၇ ညအိပ်-၈ရက်)	၃.၁ သိန်း
မုံရွာ-အလောင်းတော်ကဿပ-ပြင်ဦးလွင်	(၅ ညအိပ်-၆ရက်)	၂.၅ သိန်း
မန္တလေး-မိုးကုတ်	(၅ ညအိပ်-၆ရက်)	၂.၅ သိန်း
ဟော်လမ်ပြင်-ကျိုက်ထီးရိုး-ဇာတိဘ-ထားဝယ်	(၅ ညအိပ်-၆ရက်)	၂.၈ သိန်း
ကျိုင်းတုံ-မိုင်းလား-တာချီလိတ်-မယ်ဆိုင်	(၄ ညအိပ်-၅ရက်)	၃.၅ သိန်း

No.67, Baho Rd, Sanchaung. Ph: 01-519292, 519293, 519360, 500191, 510281
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
Call Center : 1875

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် မောင်မျိုးဇေယျာဟန် ၁၂/သဃက(နိုင်)၁၄၃၀၇၄ နှင့် ကျွန်မ မလဲ့လဲ့အောင် ၁၂/တမန(နိုင်)၀၇၅၄၁၂ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါ၍ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မောင်မျိုးဇေယျာဟန်နှင့် မလဲ့လဲ့အောင်

ပြည်တွင်းသတင်း

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲ

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာ တင်လတ်က MERGER & ACQUISITON: A PRACTICAL APPROACH TO MYANMAR'S CURRENT ECONOMIC ENVIRONMENT (မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးနယ်ပယ်တွင် ကုမ္ပဏီများပူးပေါင်းခြင်းနှင့် ကုမ္ပဏီများဝယ်/ရောင်းပြုလုပ်ခြင်းများအကြောင်း လက်တွေ့ချဉ်းကပ်လေ့လာခြင်း) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ် ၃၁ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန် မတ် ၂၈ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်း(အမှတ် ၁/၁၉သခင်မြပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေး ပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသားများအနေဖြင့် တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်သူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း ၀၁-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည် မဟုတ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တာမွေမြို့နယ်၌ နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၁၂

ပြည်သူများ ဗဟုသုတအဖြာဖြာ လေ့လာနိုင်ရန်အတွက် နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှမြင့်နှင့် ဝန်ထမ်းအဖွဲ့သည် မတ် ၈ ရက်က တာမွေလေးရပ်ကွက်သို့ ကွင်းဆင်းဆောင်ရွက်ကြသည်။ နွေရာသီကျောင်းပိတ်ရက် ကျောင်းသား ကျောင်းသူများ အလွယ်တကူ စာပေဖတ်ရှုနိုင်ရန်အတွက်ရည်ရွယ်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ဦးစီးမှူး ဒေါ်လှလှမြင့်က စာပေဖြင့် ဘဝမြင့်တင်ပါ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။ **(ယာပုံ)** ဆက်လက်ပြီး ပြည်သူများ စိတ်အပန်းဖြေစေရန် မြန်မာနိုင်ငံရှိ ထူးခြားအံ့ဖွယ် စေတီပုထိုး မှတ်တမ်းဓာတ်ပုံများ၊ သာယာရှုမောဖွယ် ပြည်မြန်မာအလှဓာတ်ပုံမြင်ကွင်းများ၊ လူသားမျိုးနွယ်တစ်ခုလုံးကို အန္တရာယ်ပြုစေသော မူးယစ်ဆေးဝါးပညာပေး စာစောင်များကို ပြသခဲ့ကြသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လူငယ်အကျိုးဆောင်များက စာအုပ်စာစောင်များကို ပြည်သူများ လက်ဝယ်သို့ရောက်ရှိအောင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျေးဇူးဆပ်ပါမည်

ဦးသိန်းညွန့် ပတ်စပို့နံပါတ် A-301985 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၂၀၀၁၀၂၈၁

ကန့်ကွက်နိုင်ရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ စိတ္တသုခလမ်း၊ တိုက်အမှတ် ၇၀၊ ခြောက်ထပ်တိုက်၊ နှစ်ခန်းတွဲ အဆောက်အအုံ၏ ခြောက်လွှာ(ဘီ)၊ တိုက်ရှေ့မျက်နှာမူလျှင် (ညာ)ဟု ခေါ်တွင်သော (၁၂ပေ×ပေ၆၀) အကျယ်အဝန်းရှိ တိုက်ခန်းကို ရောင်းချပိုင်ခွင့်ရရှိသူဟု ပြောလာသူ ဒေါ်ဖြူဖြူလွင် ၁၂/မအပ(နိုင်)၀၁၅၈၇၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်း အဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါ တိုက်ခန်းအရောင်း အဝယ်ကိစ္စကို ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘူမောင် LL.B (၂၂၇၄၇)၊ အထက်တန်းရှေ့နေနှင့် ဥပဒေအကြံပေး
"လင်း"ဥပဒေအကြံပေးနှင့် အိမ်၊ ခြံ၊ မြေ၊ ဖုန်း အထွေထွေဝန်ဆောင်မှုလုပ်ငန်း၊
အမှတ် ၅/၁၁၊ C1၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၁၈၀၀၇၊၀၉-၄၉၃၂၂၉၄၁

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

စစ်ကိုင်းခရိုင်တရားရုံး

နယ်တရားမရုံး၌

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၃

ဦးတင်အောင် နှင့် ၁။ ဦးမျိုးထွန်း
၂။ ဒေါ်သန်းသန်းမြင့်

တရားလို **တရားခံများ**

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်နေ ဦးမျိုးထွန်း(ဘ) ဦးစောမောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်အောင်က အပ်နှံငွေကျပ်သိန်း ၁၅၀ တိတိကို ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်း အမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၃ ခုနှစ် မတ် ၁၅ ရက် (၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းသန်းရီ
ဒုတိယခရိုင်တရားသူကြီး
စစ်ကိုင်းခရိုင်တရားရုံး

လုံခြုံရေးဝန်ထမ်း (၁၅)ဦး အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားမည်)

စက်ရုံနှင့် အရောင်းဆိုင်ခန်းအတွက် အသက်(၂၀)နှင့် (၃၀)ကြား လုံခြုံရေးဝန်ထမ်းများ အလိုရှိသည်။ လျှောက်ထားသူသည် ကျန်းမာရေးကောင်းမွန်၍ ကိုယ်အလေးချိန် ပေါင် ၁၂၀နှင့် အရပ် ၅ပေ၊ ၄လက်မ အထက်ရှိရမည်။ ပညာအရည်အချင်း ၁၀တန်းနှင့်အထက် ဘွဲ့ရများ လျှောက်ထားနိုင်သည်။ ကျန်းမာရေးအတွက် ဆေးစစ်ခြင်းခံယူနိုင်ရမည်။ လုံခြုံရေးမှူးမှ သင်တန်းပို့ချခြင်းကို သင်ကြားနိုင်ရမည်။ နေရေး၊ စားရေး ကုမ္ပဏီမှ တာဝန်ယူမည်။

(စိတ်ဝင်စားသူများ CV Form နှင့်အတူ တစ်လအတွင်း ရိုက်ထားသော ၄×၆ ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာရေးအတွက် ထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မျှော်မှန်းလစာ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်နှင့်အတူ ၂၄-၃-၂၀၁၃ရက် နောက်ဆုံးထားပြီး စာတိုက်သေတ္တာအမှတ် ၆၄၂၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်။

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃A/၂၊ မြေကွက်အမှတ် ၇၉၊ မြေကွက်တည်နေရာအမှတ် ၂၄၊ အောင်မာဃလမ်း၊ ဗျိုင်းကွက်သစ်ရပ်ကွက်၊တာမွေမြို့နယ် ဦးစိန်သောင်းနှင့် ၁၇၂ ဦး အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား အမည်ပေါက် ဦးစိန်သောင်းနှင့် ၁၇၂ ဦးထံမှ စွန့်လွှတ်စာချုပ် ၁၈၉၁/၆၂(၁၀-၁၀-၆၂)ဖြင့် ဒေါ်အမီနာဘီဘီနှင့် ဒေါ်လှိုင်တို့မှ ပိုင်ဆိုင်ခဲ့ပြီးဒေါ်အမီနာဘီဘီနှင့် ၄င်း၏ခင်ပွန်း ဦးစူပါနီ၊ ဒေါ်လှိုင်နှင့် ၄င်း၏ခင်ပွန်း ဦးအီစွတ်၊ တစ်ဦးတည်းသောသား ဦးတင်အောင်၊ ချွေးမဖြစ်သူ ဒေါ်ဟလီမာ(ခ)ဒေါ်လှဝင်း၊ မြေးတစ်ဦးဖြစ်သူ ဦးအေးလှိုင်တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်အမီနာဘီဘီ၏အစုအတွက် ၄င်းတို့၏သားသမီးနှစ်ဦးဖြစ်သော ဦးနူရူး ၁၂/တမန(နိုင်)၀၈၃၁၆၁နှင့် ဒေါ်အုန်းမြင့် ၁၂/တမန(နိုင်)၀၈၃၁၅၆ ဒေါ်လှိုင်၏အစုအတွက် မြေးနှစ်ဦးဖြစ်သောဒေါ်လှမြင့် ၁၂/တမန(နိုင်)၀၇၂၄၁၆နှင့် ဦးသန်းလှိုင် ၁၂/တမန(နိုင်)၀၉၄၀၉၂ တို့က သားသမီးများနှင့် မြေးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင် ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံတကာအားကစားသတင်း

ရစ်ဘာရီ ချန်ပီယံလိဂ် မကစားနိုင်

ဘိုင်ယန်မြူးနစ် တောင်ပံကစားသမား ဖရန့်ရစ်ဘာရီသည် လာမည့် မတ် ၁၃ ရက်တွင် အာဆင်နယ်နှင့်ချန်ပီယံလိဂ် ၁၆ သင်း ဒုတိယအကျော့ကစားရာတွင် ပါဝင်ကစားနိုင်လိမ့်မည်မဟုတ်ကြောင်း ယင်းကလပ်က ကြေညာထားသည်။ အသက် ၂၉ နှစ်ရှိ ရစ်ဘာရီသည် မတ်၉ရက်က ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ဒူးခေါင်းအမာရွတ်အနာတရ ဖြစ်သွားခဲ့သည်။ ဘိုင်ယန်မြူးနစ်သည် ယင်းပြိုင်ပွဲတွင် ကွင်းလယ်ကစားသမား ရှဝိန်စတိန်ဂါနှင့် နောက်ခံလူ ဘိုတန်တို့မပါဘဲ ကစားရမည်ဖြစ်သည်။ ပထမအကျော့တွင် ဘိုင်ယန်မြူးနစ်က အာဆင်နယ်ကွင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။

တိုက်ဂါးဝုဒ် ဖလားဆွတ်ခူး

ကမ္ဘာကျော်ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် မီယာမီ၌ကျင်းပသော ကမ္ဘာ့ဂေါက်သီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် စတိဗ်စတစ်ကာကို နှစ်ချက်အသာဖြင့်ကစားပြီး ဖလားဆွတ်ခူးသွားသည်။

တိုက်ဂါးဝုဒ်သည် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ချက် လျှော့ရိုက်ပြီး ဖလားဆွတ်ခူးသွားသည်။ တိုက်ဂါးဝုဒ်သည် ၂၀၁၃ ခုနှစ်အတွင်း ဒုတိယအကြိမ် ဖလားဆွတ်ခူးနိုင်ခြင်းဖြစ်သည်။ ၄င်းသည် ဖလားနှစ်လုံးဆွတ်ခူးနိုင်ခဲ့ခြင်းနှင့်အတူ ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင်လည်း နံပါတ်တစ်နေရာရောက် မက်ကာရွိုင်းအနီးသို့ ရောက်ရှိသွားသည်။ မက်ကာရွိုင်းသည် ယင်းပြိုင်ပွဲတွင် နံပါတ် (၈)သာ ရခဲ့သည်။

ရွန်းနေကို ဖာဂူဆန် ထပ်မံစာချုပ်မည်

ဝိန်းရွန်းနေကို မန်ယူတွင်ဆက်လက်ကစားခွင့်ပြုမည်ဖြစ်၍ စာချုပ်သစ်လည်း ထပ်မံချုပ်ဆိုမည်ဖြစ်ကြောင်း နည်းပြဖာဂူဆန်က ပြောသည်။ မန်ယူက ရီးရဲမက်ဒရစ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲ၌ မကစားခဲ့ရသော်လည်း ယခုနှစ်နွေရာသီတွင် မန်ယူမှထွက်ခွာခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း လွန်ခဲ့သောသီတင်းပတ်က ဖာဂူဆန်က အခိုင်အမာ ပြောကြားခဲ့သည်။ ရွန်းနေနှင့်မန်ယူတို့ လက်ရှိစာချုပ်မှာ ၂၀၁၅ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။ သို့သော်လည်း ဖာဂူဆန်က ရွန်းနေကို ထပ်မံစာချုပ်သွားမည်ဟုဆိုသည်။

ကောင်းမြတ်သူ - ရေးသားသည်

မန်ယူနဲ့ချယ်လ်ဆီးတို့ရဲ့ တစ်ကျော့ပြန်ရင်ဆိုင်ပွဲ

မန်ယူနှင့် ချယ်လ်ဆီးတို့ရဲ့ အက်ဖ်အေဖလား ကွာတားဖိုင်နယ် ပြန်ကန်ပွဲစဉ်ကို ရက်သတ်မှတ်ဖို့အတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က အတည်ပြုချက်ကို မန်ယူရော ချယ်လ်ဆီးပါ စောင့်နေကြပြီဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ အက်ဖ်အေဖလားရယူဖို့အတွက် နှစ်သင်းစလုံးအရေးကြီးတဲ့ပွဲစဉ်လည်း ဖြစ်နေပါတယ်။

အက်ဖ်အေကတော့ ဒီပွဲစဉ်ကို လာမယ့် ဧပြီလ ပထမပတ်အတွင်းမှာ ကစားစေဖို့ အစီအစဉ်ရှိတယ်ဆိုပေမယ့် မကြာခင်မှာ သတ်မှတ်ရက် ထွက်လာမှာဖြစ်ပါတယ်။

အက်ဖ်အေဖလားအကြို ဗိုလ်လုပွဲကို ဧပြီ ၁၃ရက်နဲ့ ၁၄ရက် မှာကျင်းပဖို့ သတ်မှတ်ထားတာမို့ ဧပြီလ ပထမသီတင်းပတ်မှာ ကစားဖို့ နီးစပ်ပါတယ်။

အက်ဖ်အေ ကွာတားဖိုင်နယ်အတွက် ပြန်ကန်မယ့် ပွဲစဉ်မှာ မန်ယူနည်းပြဖာဂူဆန်ကတော့ ပွဲထွက်ကစားသမား အခင်းအကျင်း ပြောင်းလဲကစားစေမှာ ဖြစ်တယ်လို့ ဆိုထားပါတယ်။ မန်ယူဟာ သင်ခန်းစာရထားပြီးဖြစ်တာမို့ ဒီပွဲစဉ်မှာ သေသေချာချာ ပြင်ဆင်ကစားပါလိမ့်မယ်။

ချေပဂိုးတွေ ပြန်ပေးလိုက်ရတဲ့ ပြီးခဲ့တဲ့ပွဲစဉ်ရဲ့ အားနည်းချက်တွေကိုပြုပြင်ပြီး အကောင်းဆုံးအခင်းအကျင်းနဲ့ အနိုင်ကစားသွားမယ်လို့ နောက်ခံလူ ဖာဒီနန်က ဆိုနေပါတယ်။ မန်ယူကစားသမားတွေဟာ ပွဲချိန်ပြည့်အထိ ကစားအားမချဘဲ ကွင်းလယ်ဖြန့်ကြက်မှုနဲ့ ထိုးဖောက်တိုက်စစ်ဆင်မှုရမယ့် အနေထားပါပဲ။ မန်ယူခံစစ်ကြောင်းရဲ့ ယိမ်းယိုင်မှု၊ စိုးရိမ်စိတ် များနေမှုတွေကိုလည်း လျှော့ချရမှာဖြစ်ပါတယ်။ ချယ်လ်ဆီးရဲ့ထိုးစစ်ကို အမှားအယွင်းနည်းနည်းနဲ့ ဟန့်တားနိုင်မှ မန်ယူတို့ အခြေအနေကောင်း နိုင်မှာပါ။ ချယ်လ်ဆီးတို့ကတော့ အက်ဖ်အေဖလားက အဓိကပစ်မှတ်ဖြစ်နေတာမို့ ခြေကုန်ထုတ်မှာ သေချာပါတယ်။

ချယ်လ်ဆီးနည်းပြဘင်နီတက်ဇ်ဟာ ဖာဂူဆန်ရဲ့ အထာတွေကို ကျေညက်နေသူမို့ အနိုင်ရယူရေး ဘယ်လိုခင်းကျင်းရမလဲဆိုတာလည်း သိထားသူဖြစ်ပါတယ်။ နည်းပြတွေရဲ့ ပြိုင်ဆိုင်မှုနဲ့ ကစားသမားတွေရဲ့ ရင်ဆိုင်မှုတွေက အခုပွဲမှာတော့ ပြတ်သားတဲ့ ရလဒ်ပေါ်ထွက်လာမှာသေချာပါတယ်။ ဒီပွဲမှာ နိုင်ပွဲရလိုမှုစိတ်ဓာတ် ပိုပြင်းထန်တဲ့၊ စုစည်းမှုပိုအားကောင်းတဲ့ မန်ယူတို့ ပွတ်ကာသီကာနဲ့ အနိုင်ရသွားနိုင်မလား ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။


မန်ယူနှင့်ချယ်လ်ဆီးတို့ အက်ဖ်အေပထမကျော့ပွဲစဉ် ယှဉ်ပြိုင်ကစားကြစဉ်။

မောင်ချစ်ကြည် - ရေးသားသည်

အားကစားသတင်း အတိုအထွာ

- အသက် ၂၇ နှစ်ရှိ ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား လူကာမိုဒရစ်က မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားသည်။
- ဟမ်းဘတ်အသင်းသည် ၂၅ နှစ်ရှိ အာဆင်နယ်တိုက်စစ်မှူး ဘင့်တနာကို လာမည့်နွေရာသီတွင် ခေါ်ယူနိုင်ရေးကြိုးစားလျက်ရှိသည်။
- အာဆင်နယ်အသင်းသည် ရီးရဲမက်ဒရစ်နောက်ခံလူ အယ်ဘီလ်အား ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။
- အဲဗာတန်အသင်းသည် အက်ဖ်စီတွမ်တီး ကွင်းလယ်ကစားသမား လီရွိုင်ဖာအား စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ရေး ကြိုးစားလျက်ရှိသည်။
- အသက် ၂၇ နှစ်အရွယ်ရှိ နယူးကာဆယ်နောက်ခံလူ စတီဗင်တေလာက အင်္ဂလန်အသင်းအောင်မြင်မှုရရှိရန် စွမ်းဆောင်ပေးသွားမည်ဟု ထုတ်ဖော်ပြောကြားသည်။
- ယခုနှစ်ရာသီကုန်၌ ရီးရဲမက်ဒရစ်အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း နည်းပြမော်ရင်ဟိုက ထုတ်ဖော်ပြောကြားသည်။
- ဂျူဗင်တပ်စ်အသင်းက အေစီမီလန်တိုက်စစ်မှူး ဘာလော့တယ်လီကိုခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

မောင်ချစ်ကြည် - ရေးသားသည်

မွေးနေ့မင်္ဂလာဆုတောင်း

NAING Group Construction Co. Ltd. (Vice Chairman)
NAING Family Co. Ltd. (Chairman) ဦးသက်နိုင်ဦး ၏

(၁၃-၃-၂၀၁၃)ရက်နေ့တွင် ကျရောက်သောမွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး အေးချမ်းသာယာသော မိသားစုဘဝကို တည်ဆောက်လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်...

- ချစ်ဇနီး
- ချစ်သားကြီး
- ချစ်သားငယ်

နှစ်(၃၀)ပြည့် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးထိန်ဝင်း၊ ချစ်မေမေ ဒေါ်ခင်စန်းမြင့်တို့၏ ၁၃-၃-၂၀၁၃ ရက်တွင် ကျရောက်သော နှစ် (၃၀) ပြည့် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုများသို့တိုင် ချစ်သမီးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် အတူလျှောက်လှမ်းနိုင်ပြီး ဘာသာ၊ သာသနာအကျိုးဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

ချစ်သမီးများ - ယမင်းဝင်း ME. Civil (Course Work)၊
ရန်ကုန်နည်းပညာတက္ကသိုလ်
- ဝင်းသီတာအေး Final Year (B.D.S)၊
ရန်ကုန်သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

နိုင်ဂရု(ပ်)ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ ဒုတိယဥက္ကဋ္ဌ ဦးသက်နိုင်ဦး ၏

(၁၃-၃-၂၀၁၃)ရက်နေ့တွင် ကျရောက်သောမွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသော ချမ်းသာခြင်းနှင့်ပြည့်စုံပြီး ချစ်သောမိသားစု၊ ချစ်သောဝန်ထမ်းများ၏ ကောင်းကျိုးအဖြာဖြာတို့အား ဦးဆောင်လမ်းညွှန်မှုပေးကာ ပျော်ရွှင်ချမ်းမြေ့သောဘဝကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

NAING Group Capital Co., Ltd.ဝန်ထမ်းများ
NAING Group Construction Co., Ltd.ဝန်ထမ်းများ
Myanmar New Generation Design Co., Ltd. ဝန်ထမ်းများ
Champion Construction Materials Co., Ltd. ဝန်ထမ်းများ
Geo-Tech Pile Co., Ltd.ဝန်ထမ်းများ
NAING Group Realty Co. Ltd.ဝန်ထမ်းများ
NAING Family Co., Ltd. (Cherry Oo)ဝန်ထမ်းများ
Champion Construction Co., Ltd. ဝန်ထမ်းများ
Lucky Concrete Precast Products Manufacturing Co. Ltd. ဝန်ထမ်းများ
Grand Paradise Landscape Co. Ltd.ဝန်ထမ်းများ



မ/ဒဂုံအိမ် အမြန်ရောင်းမည်

(၃၇)ရပ်ကွက်၊ ပေ(၂၀×၆၀)၊ ပျဉ်ထောင် အုတ်တွဲ၊ ရေမီးစုံ၊ လမ်းသန့်။
ကျပ်သိန်း ၂၅၀ (ညှိနှိုင်း)
ဖုန်း-၀၉-၅၁၆၆၅၅၉

အမည်ပြောင်း

ဦးခင်မောင်ဦး၏သား မြစ်ကြီးနားမြို့၊ လယ်ကုန်း(၄)၊ အမက(မူလွန်)၊ သတ္တမတန်း(A)မှ မောင်ချစ်ညီညီဇော်အား မောင်ကောင်းထွဋ်စံဟု ပြောင်းလဲခေါ်ပါရန်။ မောင်ကောင်းထွဋ်စံ

ဈေးကွက်နှင့်စီးပွားရေးသတင်း

မီးဖိုချောင်သုံးကုန်ပစ္စည်းများ ဈေးနှုန်းချိုသာ

ရန်ကုန် မတ် ၁၂

၂၀၁၂ ခုနှစ်အတွင်း မီးဖိုချောင်သုံး ကုန်စည်အများစု ဈေးနှုန်းများသည် ယင်းနှစ်မတိုင်မီကာလ ဈေးနှုန်းများထက် နိမ့်ကျနေပြီး ၂၀၁၃ နှစ်ဆန်းပိုင်း မတ်လ ပထမပတ်ကုန်အထိ ဈေးအနိမ့်အတွင်း ရှိနေဆဲဖြစ်ပြီး နေ့စဉ်ဝယ်ယူစားသုံးသူများ ဈေးနှုန်းသက်သာမှုနှင့်ကြုံရသော်လည်း သီးနှံလှောင်လက်အများစု အကျိုးအမြတ်ရရှိမှု နည်းလာကြောင်း ဈေးကွက်မှ သိရသည်။

နေ့စဉ် မရှိမဖြစ် ဝယ်ယူနေရသော ဆန်ဈေးနှုန်းများတွင် ဆန်ကြမ်းဈေးနှုန်းများသာ ဈေးတက်သော်လည်း ဆန်ချောဈေးနှုန်းများ သိသာစွာ ဈေးနိမ့်နေသည်ဟု သိရသည်။ဆန်ကြမ်းဈေးနှုန်းမြင့်မှုကြောင့် လယ်သမားများ အကျိုးရှိကြောင်း၊ ၂၀၁၂ မတိုင်မီ ဆန်ချော ဈေးနှုန်းသည် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀ ဝန်းကျင်ဖြစ်ခဲ့သော်လည်း ၂၀၁၂ တွင် ငွေကျပ် ၃၀၀၀၀ အောက်တွင်ရှိပြီး ၂၀၁၃ မတ်လတွင် ငွေကျပ် ၁၈၅၀၀ မှ ၂၃၅၀၀ အတွင်းသာရှိနေကြောင်း သိရသည်။ ၂၀၁၂ ခုနှစ် မတ်လဆန်းတွင် ၂၅ မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၁၈၀၀ ဝန်းကျင်၊ ဧည့်မထရှယ်-ထိပ်စ ငွေကျပ် ၁၃၈၀၀ ဝန်းကျင်၊ ပေါ်ကျွဲ တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀-၁၆၀၀၀ ဝန်းကျင်ရှိခဲ့ပြီး ၂၀၁၃ ခုနှစ် မတ် ၈ ရက်တွင် ၂၅ မှတ် ဆန် ငွေကျပ် ၁၄၂၀၀ ဝန်းကျင်၊ ဧည့်မထရှယ်-ထိပ်စ ငွေကျပ် ၁၇၀၀၀ ဝန်းကျင်၊ ပေါ်ကျွဲတစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀-၁၆၅၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

ဈေးနိမ့်

စားအုန်းဆီ ဈေးနှုန်းများမှာ ၂၀၁၁ မေလတွင် တစ်ပိဿာ ငွေကျပ် ၂၉၀၀ ဝန်းကျင်ဖြစ်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် တစ်ပိဿာ ငွေကျပ် နှစ်ထောင်အောက်တွင်သာ ရှိခဲ့ကြောင်း၊ ၂၀၁၂ မတ် ၈ ရက်တွင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၁၇၄၀ နှုန်းရှိသော်လည်း ယခုနှစ် မတ် ၈ ရက်တွင် တစ်ပိဿာ ၁၃၉၅ ကျပ်နှုန်းသာ ရှိသည်ဟု သိရသည်။ မြေပဲဆီမှာမူ ယခင်နှစ်က တစ်ပိဿာ ငွေကျပ် ၃၇၀၀၊ ယခုနှစ် မတ် ၈ ရက်တွင် ငွေကျပ် ၃၉၀၀ နှုန်းဖြစ်သည်ဟုသိရသည်။ စားအုန်းဆီ ဈေးနိမ့်သော်လည်း မြေပဲဆီမှာ ၂၀၁၂ ခုနှစ်အတွင်း တစ်ပိဿာ ငွေကျပ် ၄၇၀၀ ထိ ဖြစ်ခဲ့သည်ဟု သိရသည်။

နှစ်ကုန်ပိုင်းတွင် ဈေးတက်လေ့ရှိသော ကြက်သွန်နီဈေးနှုန်းများမှာ အသစ်ပေါ်ချိန်ရောက်တိုင်း ဈေးကျလေ့ရှိကြောင်း၊ ယခင်နှစ် မတ် ၈ ရက်တွင် ကြက်သွန်နီ ဆိပ်ဖြူအမျိုးအစားတစ်ပိဿာ ကျပ်၂၆၅၊ ၄၄၀၊ ၄၉၀၊ ၅၄၀၊ မြစ်သား ကြက်သွန်နီ ငွေကျပ် ၃၅၀၊ ၄၈၀၊ ၅၇၀ ၊ ၆၀၀ နှုန်းဖြစ်သော်လည်း ယခုနှစ် မတ် ၈ ရက်တွင် ဆိပ်ဖြူအမျိုးအစား တစ်ပိဿာ ငွေကျပ် ၃၂၅၊ ၃၅၀၊ ၃၄၀၊ ၃၂၅ နှုန်း၊ မြစ်သား အမျိုးအစား ကျပ် ၄၇၅ နှုန်းသာရှိကြောင်း သိရသည်။

ကွာခြားမှု

၂၀၁၁နှစ်လယ်တွင် တစ်ပိဿာ ငွေကျပ် ၁၉၀၀ အထိ ဖြစ်ခဲ့သော အာလူးဈေးနှုန်းသည် ၂၀၁၂ ခုနှစ်အတွင်း ငွေကျပ် ၁၀၀၀ အောက်တွင်သာ ရှိခဲ့ကြောင်း ၂၀၁၃ ခုမတ်လ ၈ ရက်တွင် ဆိပ်ဖြူ အာလူး တစ်ပိဿာ ငွေကျပ် ၂၅၀မှ ၅၉၀ အတွင်းရှိရာ ၂၀၁၂ မတ် ၈ ရက် ဈေးနှုန်းနှင့်ကွာခြားမှုမရှိဟု သိရသည်။

၂၀၁၁ ဖေဖော်ဝါရီလဆန်းတွင် ရှမ်းကြက်သွန်ဖြူ တစ်ပိဿာကျပ် ၄၉၀၀ ထိ မြင့်တက်ခဲ့ပြီး ကြူကုတ်ကြက်သွန်ဖြူများ ၂၀၁၀ နှစ်လယ်တွင် ငွေကျပ် ၃၉၀၀ ထိ ဈေးမြင့်တက်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၁၅၀၀ ဝန်းကျင် အထိသာ ရှိခဲ့ပြီး ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၂၅၀၀ မြင့်တက်ခဲ့သည်ဟု ဆိုသည်။ ၂၀၁၃ မတ် ၈ ရက်တွင်မူ ရှမ်း ကြက်သွန်ဖြူ တစ်ပိဿာကျပ် ၄၀၀၊ ၅၀၀၊ ၁၀၅၀၊ ၁၃၅၀ နှုန်း၊ ကြက်သွန်ဖြူ ငွေကျပ် ၂၃၀၀ နှုန်းရှိကြောင်း သိရသည်။

၂၀၀၆ နှစ်ဆန်းတွင် တစ်ပိဿာငွေကျပ် ၆၀၀၀ ဝန်းကျင်ထိ ဈေးမြင့်ခဲ့ပြီး ၂၀၁၂ မတိုင်မီ တစ်ပိဿာ ငွေကျပ် ၃၀၀၀ ဝန်းကျင်ရှိခဲ့သော ငရုတ်ရှည် ဈေးနှုန်းများမှာ ၂၀၁၂ ခုနှစ်တွင် ပျမ်းမျှငွေကျပ် ၂၅၀၀ ဝန်းကျင်သာ ရှိခဲ့သည်ဟု သိရသည်။ ၂၀၁၃ မတ်လတွင် မိုးထောင်ငရုတ်တစ်ပိဿာ ငွေကျပ် ၁၆၅၀၊ ၁၈၀၀နှုန်း ကျောက်ရဲငရုတ်ရှည် ငွေကျပ် ၁၇၅၀၊ ၁၈၀၀ နှုန်း၊ ပန်းတနော် ငရုတ်ရှည် တစ်ပိဿာကျပ် ၁၇၅၀၊ ၁၈၀၀ နှုန်းသာရှိခဲ့သည်ဟု သိရသည်။

၂၀၁၂ မတိုင်မီ သကြားတစ်ပိဿာ ကျပ် ၁၇၅၀ နှုန်း၊ ညောင်ဦးဆေးခတ်ထန်းလျက် တစ်ပိဿာ ၁၆၅၀ အထိ မြင့်တက်ခဲ့သော်လည်း ၂၀၁၂ တွင် သကြား တစ်ပိဿာ ၁၀၅၀ ကျပ်ဝန်းကျင်၊ ညောင်ဦးဆေးခတ်ထန်းလျက် ကျပ် ၁၀၀၀ အောက်တွင်သာရှိကြောင်း၊ ၂၀၁၃ ခု မတ် ၈ ရက်တွင် သကြားတစ်ပိဿာ ကျပ် ၈၆၀ မှ ၉၀၀ အတွင်း၊ ညောင်ဦးဆေးခတ်ထန်းလျက် တစ်ပိဿာကျပ် ၈၃၀ အတွင်းသာရှိသည်ဟု သိရသည်။

၂၀၁၁ ခုနှစ်တွင် တစ်ပိဿာလျှင်ကျပ်၃၀၀၀ ဝန်းကျင်အထိ ဈေးမြင့်ခဲ့သောမန်ကျည်းအသား ဈေးနှုန်းသည် ၂၀၁၂ ခုနှစ်ထွက် မန်ကျည်းအသားဈေးနှုန်းများမှာ တစ်ပိဿာကျပ် ၁၀၀၀ အောက်တွင်သာ ရှိခဲ့ကြောင်း၊ ၂၀၁၃ခုနှစ်ထွက်မန်ကျည်း အထွက်နည်းသည် ဆိုသော်လည်း ၂၀၁၃ မတ် ၈ ရက်တွင် ဒါးဇင်း တစ်ပိဿာ ကျပ် ၅၅၀၊ အသား ကျပ် ၁၀၅၀ နှုန်းသာရှိသေးသည်ဟု သိရသည်။

အများပြည်သူသုံး စားဖိုဆောင်သီးနှံအများစုဈေးနှုန်းများ အနေဖြင့် ၂၀၁၂ ခုနှစ်အတွင်းနှင့် ၂၀၁၃ ခုမတ်လဆန်းအထိ ဈေးနှုန်းအမြင့်များသို့ ရောက်ရှိခြင်းမရှိသဖြင့် စားသုံးသူများအတွက် စားဖိုဆောင်သီးနှံဈေးနှုန်း ကြီးမြင့်မှုမှ ကင်းဝေးကြောင်း ဈေးကွက်အတွင်းမှ ရောင်းဝယ်သူများက ဆိုသည်။

ခင်ဆိုင်

နွေရာသီ မန်ကျည်းသီးမှည့် ဈေးကွက်ကောင်းနေ

လင်းခေး မတ် ၁၂

ရှမ်းပြည်ဒေသဖြစ်သော လင်းခေးမြို့နယ်တွင် အေးမြသော ရာသီဥတုအစား ပူပြင်းခြောက်သွေ့သော ဒေသဖြစ်သည်နှင့်အညီ ဤဒေသ၌ ပေါက်ရောက်သော ထနောင်း၊ ကုက္ကို၊ တမာ၊ ရှောက်၊ သံပရာအစရှိသော အပင်များစွာပေါက်ရောက်သည့်အပြင် ယခုရာသီနှင့် အကိုက်ညီဆုံးဖြစ်သော ဇီးနှင့်မန်ကျည်းပင်များလည်း အစီအရီပေါက်ရောက်ခြင်းကြောင့် ရှမ်းအညာ (လင်းခေး)ဟု ဆိုစမှတ်ပြုကြပါသည်။

လွန်ခဲ့သောလေးနှစ် ငါးနှစ်ခန့်ကာလမှစ၍ မိတ္ထီလာ၊ ကျောက်ပန်းတောင်းနယ်မှလုပ်ငန်းရှင်အချို့က လင်းခေးမြို့သို့ ကိုယ်စားလှယ်များလွှတ်၍ ဆီးသီး၊ မန်ကျည်းသီးမှည့်များကိုဈေးကောင်းပေးကာ ၎င်းတို့ကိုယ်တိုင်အပင်လုံးဝယ်ယူစနစ်ဖြင့် လာရောက်ရောင်းဝယ်ဖောက်ကားခဲ့ကြရာ ယခုနှစ်ရာသီချိန်တွင်ယင်းဒေသများ၏ ကိုယ်စားလှယ်များထံ တင်ပို့ရောင်းချရန်အတွက် လင်းခေးမြို့ ပင်ပေါင်ရပ်ကွက်နေဦးစိုင်းကျော်သန်းမိသားစုက မိမိဒေသမှထွက်ရှိသောမန်ကျည်းသီးမှည့် ဈေးကွက်လုပ်ငန်းကို ကျောက်ပန်းတောင်းနယ်မှ မန်ကျည်းပင်တက်ပုတ်ကျွမ်းကျင်သူ၊ အသီးခြွေ အသီးအစေ့ရိုက်ထုတ် ကျွမ်းကျင်သူများကို လုပ်အားခပေး ခေါ်ယူကာ ကျောက်ပန်းတောင်းနယ်သို့ မန်ကျည်းသီးမှည့်(အစေ့ထုတ်ပြီး) ကုန်ချောတင်ပို့ရောင်းချမည့် လုပ်ငန်းကို စတင်လျက်ရှိသည်။

ယင်းသို့တင်ပို့ရာတွင် ကျောက်ပန်းတောင်းဈေး (သွင်းဈေး) မန်ကျည်းသီးမှည့်အစေ့ထုတ်ပြီးသား တစ်ပိဿာလျှင် ငွေကျပ် ၈၀၀မှ ၁၀၀၀ အထိရရှိပြီး အစေ့ပါအကြမ်းထည် တစ်ပိဿာလျှင်အနည်းဆုံး ငွေကျပ် ၄၀၀ အထိရရှိကြောင်း ယခုနှစ်တွင်အခြားနယ်မှ မန်ကျည်းသီးမှည့်ကုန်သည်များက တိုက်ရိုက်လာရောက် ဝယ်ယူခြင်းမရှိသည့်အတွက် ၎င်းတို့ထံရောင်းချပေးရသည့် လင်းခေးဒေသခံမန်ကျည်းသီးပင်ပိုင်ရှင်များကလည်း မန်ကျည်းတစ်ပင်လျှင် အနည်းဆုံးငွေကျပ် ၅၀၀၀၊ အပင်ကြီးအသီးကောင်းလျှင် ငွေကျပ် ၁၅၀၀၀ မှ ၂၀၀၀၀အထိ ရောင်းချကြ၍ လင်းခေးဒေသ ကျေးရွာနေပြည်သူများကလည်း မန်ကျည်းပင်မှ ဝင်ငွေကောင်းများ ရရှိနေသည်ဟု သိရသည်။ **(အပေါ်ပုံ)**

စိုင်းဇော်လတ်(လင်းခေး)

သုံးခွမြို့နယ်ရှိကျေးရွာများ၌ ပဲတီစိမ်းများ လှိုင်လှိုင်ပေါ်

သုံးခွ မတ် ၁၂

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ရှိ ကျေးရွာအသီးသီးသို့ ပဲတီစိမ်းတောင့်များ ဆွတ်ခူးရန် အညာဒေသမှပဲဆွတ်ခူးသူများ တဖွဲဖွဲရောက်ရှိလျက်ရှိပြီး အများစုမှာ အမျိုးသမီးများဖြစ်ကြောင်း သိရသည်။ ယခုအချိန်သည် ပဲတီစိမ်းများ နေရာဒေသအလိုက် လှိုင်လှိုင်ပေါ်လျက်ရှိကြောင်း သိရသည်။

ပဲဆွတ်ခူးလာသူများမှာ အညာဒေသ ရှိကျေးရွာများမှ အများစုဖြစ်ကြောင်းသိရသည်။ ပဲဆွတ်ခူးလာသူ အုပ်စုတစ်စုကို သုံးခွမြို့ ဗာဒံပင်ဆိပ်လမ်းထိပ်တွင် တွေ့၍ မေးမြန်းကြည့်ရာ ၎င်းတို့သည် စစ်ကုန်းတော စွန်းကျေးရွာရှိ ကိုစန်းဝင်း မိသားစု၏ လယ်ဧက ၁၀၀ ကျော်တွင် စိုက်ပျိုးထားသော ပဲများဆွတ်ခူးရန် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဝါးရုံကုန်းကျေးရွာမှ လာရောက်ခြင်းဖြစ်ကြောင်း စုစုပေါင်း ၃၇ ဦးရှိကြောင်း သိရှိရသည်။ ယမန်နှစ်က ပဲဆွတ်ခူးချိန်မှာ ရက် ၂၀ ကျော်ကြာကြောင်း၊ ပဲဆွတ်ခူးခ တစ်ဦးလျှင် ကျပ်ငါးသောင်းကျော်ရကြောင်း၊ယခုနှစ်ဆိုလျှင် ပဲဆွတ်ခူးလာသည်မှာ သုံးနှစ်ရှိပြီဖြစ်ကြောင်း မဇင်မာဝင်းနှင့် မတင်တင်မျိုးတို့၏ ပြောကြားချက်အရ သိရသည်။ အသွားအပြန်စရိတ်နှင့်စားစရိတ်များ နုတ်လျှင် အမြတ်သိပ်မကျန်ကြောင်း၊ မရောက်ဖူးသေးသော အောက်မြန်မာပြည်သို့ရောက်ရှိပြီး ဘုရားဖူးရသည်မှာ အမြတ်ပင်ဖြစ်ကြောင်း ၎င်းတို့၏ ပြောကြားချက်အရ သိရသည်။

သုံးခွမြို့နယ်တွင် ပဲစိုက်ဧက စုစုပေါင်း ၁၂၄၉၁၇ ဧကရှိပြီး မတ် ၃ ရက်က ပေါက်ဈေးမှာ တစ်တင်းလျှင် ကျပ် ၂၅၂၀၀ ဖြစ်ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

မအေးအေးမော်ဦးစီးသော နိုလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
နိုလာ (၁၅)ရက်ခရီး - သိဒ္ဓတ္ထနိယာလေဟာ့ခွာန + အဝိဇ်ဟိတာလေဟာ့ခွာန + နယူးဒေလီ → ၉ သိန်း (စရိတ်ငြိမ်း)
တစ်မျိုးမဟာကိုလ်ကတ္တား Shopping နှင့် ဗဟုသုတရရာ နေရာများ
(၄)ညအိပ်(၅)ရက်ခရီး - သန်တောက်၊ အယုဒ္ဓယ၊ ပတ္တရား → (၅)သိန်း (၅)သောင်း၊ ၁၂.၄.၂၀၁၃ ထွက်မည်။
မည်သည့်ခရီးစဉ်မဆို (၁၀)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း။
(၆)ညအိပ်(၇)ရက်ခရီး - သီရိလင်္ကာ (ရွှေယံတော်) + ဗန်ကောက် (မြဘုရား) → (၁၂)သိန်း (စရိတ်ငြိမ်း) ၂၅.၃.၂၀၁၃ ထွက်မည်။
ထွက်ခွာမည့်ရက်များ - မတ်လ - ၁၄၊ ၁၅၊ ၂၀၊ ၂၂၊ ၂၈၊ ၂၉။ ဧပြီ - ၁၁၊ ၁၂၊ ၂၆။
မေလ - ၁၇ (ကဆုန်ညောင်ရေသွန်းပွဲ)
ရန်ကုန်ရုံးချုပ် ☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၈၆၊ ၃၈၄၀၈၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉။
မန္တလေးရုံးခွဲ ☎ - ၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၃၇၄၄၄၀၄၊ ၀၉-၄၂၈၂၀၇၂၅၀။

ဟသ်ာတအသင်း နွေသံဃဒါန ဆွမ်းလောင်းလှူပွဲ

ဟသ်ာတသားတို့ ပျော်ပျော်ပါးပါးသွားကြမယ်

ဟသ်ာတအသင်းက ဇာတိမြေဟသ်ာတမြို့ သဗ္ဗသိဒ္ဓိနှင့် မာဃလုင် နွေသံဃဒါန ဆွမ်းလောင်းအသင်းတို့တွင် ၂၀၁၃ခုနှစ် (၄၁-၄၂)ကြိမ်မြောက် နွေသံဃဒါန ဆွမ်းလောင်းလှူပွဲကြီးကို စည်ကားသိုက်မြိုက်စွာ သွားရောက်ကျင်းပမည်ဖြစ်ပါသည်။ ၂၂-၃-၂၀၁၃ရက် နံနက် ၆နာရီတွင် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅ လမ်း(အထက်)၊ အမှတ် ၁၈၄၊ ၁၈၆ အသင်းတိုက်မှ စီစဉ်ထားသော မော်တော်ယာဉ်များဖြင့်ထွက်ခွာ၍ ၂၄-၃-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ဟသ်ာတမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြမည် ဖြစ်ပါသည်။

လိုက်ပါလိုသော အသင်းသူ အသင်းသားများနှင့် ဟသ်ာတနွယ်ဖွားများသည် ၁၈-၃-၂၀၁၃ရက်နောက်ဆုံးထား၍ ဦးမျိုးဆွေ ဖုန်း-၅၈၄၇၃၄၊ ဟသ်ာတ ဦးမြင့်ဇွေ ဖုန်း-၅၂၂၄၂၈၊ ဒေါ်ညွန့်ညွန့် ဖုန်း-၂၄၅၃၉၅ နှင့် ဟသ်ာတအသင်းတိုက် ဖုန်း-၂၀၁၁၁၄၊ ၃၉၈၇၁၆ များသို့ ဆက်သွယ်စာရင်းပေးပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့၊ ဟသ်ာတအသင်း

သက်ြန်ဈေးနှုန်းများဖြင့် ရောင်းချမည့် မြန်မာနိုင်ငံ၏အကြီးဆုံးပြပွဲကြီး

သကြၤန်အကြိုကုန်စည်ပြပွဲကြီးနှင့်ကားပြပွဲကြီး (မြို့မကွင်း)

နေ့ရက် - (23.3.13 မှ 26.3.13) နေရာ - မြို့မကွင်း၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

ပြခန်းစုံစမ်းရန် - SMART BUSINESS GROUP. PH:01-656875,667473, 09-73014777,09-5099079

ကြော်ငြာ

သာသနာရေးဝန်ကြီးဌာန Nice Fare Travel Co.,Ltd. ၏ IATA
ရွှေမြို့တော်အလင်း ဗုဒ္ဓဂယာ ဘုရားဖူး ပို့ဆောင်ရေး

Nice Fare Travel Co.,Ltd. သည် လွန်ခဲ့သော (၉) နှစ် ကျော်မှ စတင် ၍ ပြည်တွင်း / ပြည်ပ လေယာဉ် လက်မှတ် In & Out Bound Tour များ အား ' စေတနာကောင်း မှ ထဲကောင်းမည် ' ဆောင်ပုဒ် နှင့် အညီ မိဘ ပြည်သူ ၊ ညီအစ်ကို မောင်နှမများ စိတ်ချမ်း မြေ့စွာ ကြည်ညို ဖူးမျှော်နိုင် ရေး အတွက် ကုသိုလ်ယူ ပို့ဆောင်ပေးလျှက်ရှိပါသည်။

(၁) - သံဝေဇနိယ (၄)ဌာန + အဝိဇဟိတ (၄) ဌာန ၊ နယူးဒေလီ ၊ တပ်ချပ်မဟာ (၁၄ ညအိပ် ၁၅ ရက် ၉သိန်းခွဲကျပ်)၊ (၂) - သံဝေဇနိယ (၄) ဌာန + အဝိဇဟိတ (၄)ဌာန (၁၁ ညအိပ် ၁၂ ရက် - ၈ သိန်းကျပ်)၊ (၃) - သံဝေဇနိယ (၄) ဌာန+ အဝိဇဟိတ (၃) ဌာန (၇ ညအိပ် ၈ ရက် -၇ သိန်းကျပ်) ၊ သံဃာတော် နှင့် သီလရှင်များအား ကျပ်(၁)သိန်း ဈေး လျှော့ပေးမည် ဖြစ်ပြီး (၁၆) ဦးလျှင် (၁) ဦး အခမဲ့လိုက်ပါခွင့် ရှိပါသည်။ Passport ရှိပြီးပါက ဈေးလျှော့ပေးပါမည်။

ရန်ကုန် / မန္တလေး ⇄ ဂယာ ထွက်ခွာမည့်ရက်များမှာ - ၆- ၄ -၂၀၁၃ ၊ ၁၃- ၄ -၂၀၁၃

မြတ်သော မေတ္တာ စေတနာဖြင့် ရတနာသုံးပါး သဒ္ဓါပွားဖို့ ' ရွှေမြို့တော်အလင်း ' နှင့် သွားကြစို့ . . .

ခရီးစဉ် အသေးစိတ် သိရှိလိုပါက-

ရန်ကုန်ရုံး - [illegible] ရုံးခွဲ (၁) - [illegible]

ရုံးခွဲ (၂) - [illegible] ရုံးခွဲ (၃) - [illegible] မန္တလေးရုံးခွဲ - [illegible]

Dream

ချောင်းသာ - ၁၀၀၀၀/-

ကျိုက်ထီးရိုး- ၈၀၀၀/-

09-5012452. 09-5075612. 09-5012336

SKY RAY Travels & Tours

Mar-23 မန္တလေး--စစ်ကိုင်း--မုံရွာ--အလောင်းတော်ကဿပ 150000 (Win Unity Hotel)တွင် တည်းပါမည်။

Mar-23 တောင်ကြီး--အင်းလေး--ပင်းတယ--ကလော 140000

Tel: 09-421000523 , 09-421000524 , 09-448008610

မိုး

ဒီဇယ်ဓာတ်ဆီ စက်ပြင်သင်တန်း (နေ့ကိုရှုရသည်)

[illegible]

ဖုန်း- ၄၀၀၈၁၃ ၊ ၄၄၄၉၂၄ ၀၉ ၅၀၅၂၁၁၅

Since 2007

ဖိုးဖိုးကျော်

ဝေါ်ဆန်းရှုး

အရောက်ပို့ဝန်ဆောင်မှုဖြင့်ဖြန့်ဖြူးနေပါပြီ

Ph : 01 - 687659 , 687155 , 686655 , 681243 , 681263

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄ F^၁၊ မြေကွက်အမှတ် Southern Portion of II.20 ၊ မြေကွက်တည်နေရာ အမှတ်-၁၅၃/၁၅၅/၁၅၇၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ် ဦးတင်ဝင်း အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးတင်ဝင်း ကွယ်လွန်သဖြင့် ဒေါ်အေးအေးဝင်း ၁၂/ကတတ(နိုင်) ၀၁၂၆၆၀၊ ဦးတင်မင်းထွဋ် ၁၂/ဗတထ(နိုင်) ၀၃၈၅၇၆၊ မအေးတင်ဇာနွယ် ၁၂/ဗတထ (နိုင်)၀၄၀၁၅၅၊ မတင်အိန္ဒြာနွယ်တို့က ဇနီးနှင့် သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ ကန်သာယာလမ်း မြေတိုင်းရပ်ကွက်အမှတ် (၂၆) မြေကွက်အမှတ်-၁၁၁၊ မြေချိန်ဧရိယာ (၀. ၀၆၈) ဧက၊ (၃၀၀၀) စတုရန်းပေ အလျား ၅၀' x အနံ ၆၀'ရှိ ဒေါ်ငွေငွေ အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို (၁၅-၁၁-၂၀၁၁) ရက်စွဲပါ မြေကွက်အရောင်းအဝယ် အရပ်စာချုပ် အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဆိုသူ ဒေါ်တင်တင်မြင့် (၅/စကန(နိုင်)၁၅၃၄၃၂) ကိုယ်စားဆောင်သွယ်မှု မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးကို အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက ရောင်းကြေးငွေ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ဤကြေညာသည့် နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန်ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဦးမောင် (LL.B; C.B.L ; D.B.L ; D.I.L ; D.M.L ;)
ဥပဒေအတိုင်ပင်ခံ နှင့် တရားလွှတ်တော်ရှေ့နေ (စဉ်-၃၀၄၂)
အမှတ် - ၁၂၆၊ ၄-လွှာ (ယာ)၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၀၉ ၄၃၀ ၂၇၇၂၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၉၃၈၊ မြေကွက်တည်နေရာ အမှတ် ၉၃၈၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၆ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်ခင်နှင်းအေး ၁၂/ကတတ (နိုင်)၀၂၃၃၆၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်နှင်းအေးထံမှ GP $\frac{၁၁၈၉၇/၁၀}{၂၅-၁၀-၁၀}$ ဖြင့် ဦးစိုးမြင့် ၁၂/လမတ (နိုင်)၀၃၀၄၂၁ ရရှိသူမှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း မရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမြန်ဆက်သွယ်ပါရန်

စိုးလွင်(ခ)မောင်ကောက်ရ (ဘ) ဦးသန်းထွေး (ကွယ်လွန်) နေရပ်လိပ်စာမသိသည့် မိဘဆွေမျိုးများနှင့် အဆက်အသွယ်မရသည်မှာ (၃)နှစ်ခန့်ကြာခဲ့ပြီဖြစ်ပါသည်။ ယခုအခါ ဖခင် ဦးသန်းထွေး ရရှိမည့် အကျိုးခံစားခွင့်အား လက်ခံရယူနိုင်ရန်အတွက် ဤကြော်ငြာပါသည့် ရက်မှစ၍ နှစ်ပတ်အတွင်း နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာ အတိုင်း လာရောက်ဆက်သွယ်ပါရန်။ အကယ်၍ ပျက်ကွက်ပါက ခံစားခွင့်ဆုံးရှုံးမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ
ဦးကြာထွန်း ၁၂/သကတ(နိုင်)၀၅၂၈၉၃
အမှတ် ၆၈၁၊ ရွှေအုပ်ဂူ ၅ လမ်း၊ (၈) ရပ်ကွက်၊
သာကေတမြို့နယ်

ဘားအံမြို့ အထက(၂) အာစရိယပူဇော်ပွဲ

ဘားအံမြို့၊ အထက(၂) ကျောင်းသူ ကျောင်းသားဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အဝေးရောက် ကျောင်းသူ ကျောင်းသားဟောင်းများ မပျက်မကွက် ကြွရောက်ပါရန်နှင့် အသက် ၆၀နှင့်အထက် ဆရာ ဆရာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်၊ အချိန် - ၃၁-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီ
ကျင်းပမည့်နေရာ - ပတ္တမြားခန်းမ၊ အထက(၂)၊ ဘားအံမြို့

လှူဒါန်းရန်လိပ်စာများ-

ဒေါ်ဝင်းဝင်းသူ ဖုန်း-၀၉-၄၂၅၀၃၉၈၉၄ ဒေါ်နီနီအေး ဖုန်း-၀၉-၄၉၇၇၁၅၆၄

ဒေါ်မော်မော်ဦး ဖုန်း-၀၉-၄၂၅၀၃၈၈၄၄ ဦးထင်ကြေး ဖုန်း-၀၉-၅၆၆၀၁၈၄

ဦးချစ်လွင် ဖုန်း-၀၅၈-၂၁၃၀၆ ကိုကိုအောင် ဖုန်း-၀၉-၅၆၆၀၇၇၂

အထက(၂) ဘားအံ ဖုန်း-၀၅၈၂၁၁၄၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၂၂Z ^၂ ၊ မြေကွက်အမှတ် V၁၀၄၊ မြေကွက်တည်နေရာ အမှတ် (၆၃/၆၅)၊ ၁၄လမ်း၊ (၁)ဦးကော်အီဖိတ်(ခ)ဦးတင်ရွှေ ၁၂/လမတ(နိုင်)၀၂၆၈၇၄၊(၂)ဦးတင်မင်းဇော် ၁၂/လမတ(နိုင်)၀၀၁၀၇၃ အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သည့် ဦးကော်အီဖိတ်(ခ)ဦးတင်ရွှေ ကွယ်လွန်သဖြင့် ၎င်း၏အစုအား ဒေါ်တန်ဘိလျောင်(ခ)ဒေါ်သန်းသန်းမြင့် ၁၂/လမတ (နိုင်)၀၂၅၇၃၉က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် ပူးတွဲပိုင်ရှင် ဦးတင်မင်းဇော်နှင့်အတူ မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏ အဆောက်အအုံကို ဆောက်လုပ်ခွင့်/ပြင်ဆင်ခွင့်ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန်အကြောင်းရှိပါက သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ဤဌာနသို့ လျှောက်ထား ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	ဒေါ်နွယ်နီအုန်း	၇/ဝမန (နိုင်) ၀၇၆၉၁၂	၅၉၅/က၊ မောင်းမကန်ကမ်းသာလမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၂-ထပ်တိုက် ဆောက်လုပ်ရန်
၂	ဒေါ်သင်းသင်းဆွေ	၁၂/မရက (နိုင်) ၁၂၀၁၂၂	၃၈-၄၀၊ အောင်မင်္ဂလာ ၁-လမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၃	ဦးတင်ကို	၁၂/မရက (နိုင်) ၀၉၀၄၉၃	၁၇၇၊ ရဲရန်အောင် ၄-လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၄	ဒေါ်သိန်း	၁၂/မရက (နိုင်) ၀၅၄၃၉၅	၁၁၄၊ ယုဇနလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၅	ဦးမြတ်မိုးသက်နိုင်+၁	၁၂/ဗဟန (နိုင်) ၀၈၂၉၃၀	၃၀-ဘီ၊ ဦးထွန်းလင်းမြလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်	၁½-ထပ်တိုက် ဆောက်လုပ်ရန်
၆	ဦးမျိုးသက်မင်း	၁၂/မရက (နိုင်) ၀၀၄၉၁၇	၆၁½၊ ဓမ္မာသီ ၂-လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၇	ဦးဝင်းနိုင်	၁၄/မအပ (နိုင်) ၁၉၃၇၈၆	၈၊ ဧယျာဝတီ ၂-လမ်း၊ (၁)ရပ်ကွက်၊ လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၈	ဒေါ်စန်းစန်းအေး	၁၂/လမန (နိုင်) ၀၀၁၃၉၇	၈၅၀/ခ၊ ဧကရီ ၄-လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာ	၁-ထပ်အုတ်ညှပ် ဆောက်လုပ်ရန်
၉	ဒေါ်နွယ်နွယ်စိုး	၁၂/အစန (နိုင်) ၀၅၅၅၄၅	၁၅ လေးဆိုင်ရိုးသာလမ်း၊ ဇော်တွာကြီးကုန်းရပ်ကွက်၊ အင်းစိန်	၂½-ထပ်တိုက် ဆောက်လုပ်ရန်
၁၀	ဒေါ်မြင့်မြင့်သောင်း+၁	၁၂/မရက (နိုင်) ၁၆၄၀၂၀	၉၄၃၊ ကျိုက်ပိုင်းဘုရားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၁	ဦးမောင်မော် + ၁	၁၂/အစန (နိုင်) ၀၅၄၄၈၃	၇၂၃/ဘီ၊ ကန်ကြီးအောင်လမ်း၊ ဇော်တွာကြီးကုန်းရပ်ကွက်၊ ၁၀-မိုင်ကုန်းအင်းစိန်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၂	ဦးသောင်းနိုင်	၆/ရဖန (နိုင်) ၀၁၇၄၄၅	၃၄၁၊ ဇာဗေဝယာလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ဆဲ
၁၃	ဒေါ်ကြည်ကြည်ဝင်း	၁၂/တထလ(နိုင်) ၀၁၅၆၆၀	၄၂၃/အေ၊ အောင်မေတ္တာလမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၁၄	ဒေါ်မြင့်မြင့်သန်း	W/RGN-၀၀၀၂၁၃	၁၆၉၊ ဗမ္မုမေတ္တာလမ်း၊ ဗိုလ်ကဲညွန့်ရပ်ကွက်၊ သဃ်န်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ဆဲ
၁၅	ဦးသိန်းဆွေ + ၁	၁၂/မရက (နိုင်) ၀၃၇၁၀၈	၃၀၊ ၆-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၆	ဦးဇော်သိန်း	၁၂/သဃက(နိုင်) ၀၆၆၃၅၆	၈၀၆၊ မြဝတ်ရည်လမ်း၊ ဆ/ခ ရပ်ကွက်၊ သဃ်န်းကျွန်း	၃-ထပ်တိုက် ၂-လုံး ဆောက်လုပ်ရန်
၁၇	ဦးသိန်းမြင့် + ၁	၉/ဝတန (နိုင်) ၀၀၃၆၈၀	၅၁၊ လင်းလွန်းလမ်း၊ လင်းလွန်းမြောက်၊ စမ်းချောင်း	၃-ထပ်တိုက် ဆောက်လုပ်ရန်

ဌာနမှူး အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားစီရင်ချက်အထောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဦးလှဦး	၁၃/ကမန(နိုင်)၀၀၀၈၃၄	မင်္ဂလာဒုံ	၅၃၂(B)	၂	ဒေါ်မြတ်မြတ်မော်	၂ စိန်ပန်းမြိုင်လမ်း (၁)ရပ်ကွက်၊ ပုလဲမြို့သစ်	အမည်ပြောင်း
၂။	ဒေါ်သီတာထွန်း	၉/မခန(နိုင်)၁၈၇၇၈၆၀	ဒဂုံမြောက်	၃၆	၅၅၉	ဦးမျိုးဝင်း	၅၇၉၅ မြတ်မွန်လမ်း (၃၆)ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၃။	ဦးမိုးတာမင်းယုနွယ်	၁၂/ပဘတ(နိုင်)၀၀၈၈၀၃	ဒေါပုံ	၁၁_ယမုံနာ	က/၃၉၀၊ က/၃၉၁၊ က/၃၉၂	ဦးကျော်မြင့်	၃၉၀၊ ၃၉၁၊ ၃၉၂ ယမုံနာ(၁)လမ်း၊ ယမုံနာ (၂)ရပ်ကွက်	အမည်ပြောင်း
၄။	ဦးမိုးတာမင်းယုနွယ်	၁၂/ပဘတ(နိုင်)၀၀၈၈၀၃	ဒေါပုံ	၁၁_ယမုံနာ	က/၃၉၄	ဒေါ်စန်းစန်းအေး	၃၉၄၊ ယမုံနာ(၁)လမ်း၊ ယမုံနာ(၂)ရပ်ကွက်	အမည်ပြောင်း
၅။	ဦးမိုးတာမင်းယုနွယ်	၁၂/ပဘတ(နိုင်)၀၀၈၈၀၃	ဒေါပုံ	၁၁_ယမုံနာ	က/၃၉၃	ဒေါ်သန်းသန်းဝေ	၃၉၃၊ ယမုံနာ(၁)လမ်း၊ ယမုံနာ(၂)ရပ်ကွက်	အမည်ပြောင်း
၆။	ဦးကြည်(ခ)ဦးလှကြည်	၁၂/ဥကတ(နိုင်)၀၆၁၈၃၉	တောင်ဥက္ကလာ	၁၃	၈၂၂/က	ဦးကြည်(ခ)ဦးလှကြည်	၈၂၂/က၊ သံလွင်လမ်း (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာ	ဂရန်သစ်
၇။	ဦးမျိုးမြင့်	၁၂/ဥကတ(နိုင်)၀၈၀၁၆၉	တောင်ဥက္ကလာ	၁၀	၈၈၃/ခ	ဒေါ်ဝင်းရီ	၈၈၃/ခ၊ မေတ္တာလမ်း (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း
၈။	ဦးရွှေဒီ	၁၂/မဂတ(နိုင်)၀၆၆၄၂၉	တာမွေ	၃၄.FG	၄၉၀.A	ရန်နောင်ဝင်း	၄၉၀-A၊ ဓမ္မာသီရိလမ်း၊ မေတ္တာညွန့်ရပ်ကွက်	အမည်ပြောင်း
၉။	ဦးတင့်နိုင် + ၂	၁၃/မပတ(နိုင်)၀၀၀၅၆၆	သာကေတ	၁/ထူးခြား	၅၅	ဦးတင်မြင့်	၅၅ နှင်းဆီလမ်း၊ ၁/ထူးခြား ရပ်ကွက်	အမည်ပြောင်း
၁၀။	ဒေါ်လွင်လွင်ဦး	၁၂/မဂတ(နိုင်)၀၁၃၇၇၂	ကမာရွတ်	၃၆-ဘီ	၁၄ ဒီ / ၃ အေ	ဒေါ်ဟန်မို့မို့ကျော်	၁၀၀၊ ရေ အင်းယားလမ်း	အမည်ပြောင်း
၁၁။	ဒေါ်သင်းသင်းမြတ်	၇/သနပ(နိုင်)၀၂၉၁၃	ဒဂုံအရှေ့	၁၁၈	၁၂၉	ဒေါ်အေးမြင့်	၁၂၉၊ (၁၁၈) ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၁၂။	ဒေါ်တင်မအေး	၁၂/အစန(နိုင်)၀၂၃၂၉	ဒေါပုံ	၁	၄၁၅	ဦးအုန်းသွင်	၄၁၅ ရေချိုလမ်း [illegible]ရပ်ကွက်၊ ဒေါပုံ	အမည်ပြောင်း
၁၃။	ဦးစိန်လှ	၈/ရစတ(နိုင်)၀၀၈၅၅၆	ဒဂုံတောင်	၁၄၅	၅၈	ဦးစိန်လှ	၅၈၊ (၁၄၅)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၁၄။	ဦးစိုးသန်း	၁၂/သဃက(နိုင်)၀၀၂၆၉	ဒဂုံမြောက်	၃၉A	၁၆၉	ဒေါ်မြ	၁၆၉၊ ၃၉Aရပ်ကွက်၊ ဒဂုံမြောက်	ဂရန်သစ်
၁၅။	ဒေါ်ကောင်းဝင်းလှ	၁၃/လခန(နိုင်)၀၅၃၅၆၇	ဒဂုံဆိပ်ကမ်း	၇၉	၄၂	ဦးကံကြီးဝေ	၄၂ (၇၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၆။	ဦးစနေမျိုးအောင် + ၁	၁၂/လမတ(နိုင်)၀၂၂၂၈	မြောက်ဥက္ကလာ	၄	၈၀၃	ဦးမြခင်	၈၀၃၊ (၄) ရပ်ကွက်၊ မြောက်ဥက္ကလာ	အမည်ပြောင်း
၁၇။	ဒေါ်ယုယုလှိုင်(ခ)ရန်နိုင်ကျော် + ၁	၁၃/လခန(နိုင်)၀၆၉၃၀	ဒဂုံမြောက်	၃၀	၉၃၇	ဦးရန်နိုင်ဝေ	၉၃၇ (၃၀) ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၁၈။	ဒေါ်ယုယုလှိုင်(ခ)ရန်နိုင်ကျော် + ၁	၁၃/လခန(နိုင်)၀၆၉၃၀	ဒဂုံမြောက်	၃၀	၉၃၀	ဦးရန်နိုင်ဝေ	၉၃၀၊ လှိုင်စံပယ်လမ်း (၃၀) ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၁၉။	ဦးဝင်းမောင်ဝင်း	၁၂/လသန(နိုင်)၁၁၀၆၂၆	ဒဂုံမြောက်	၂၈	၇၀၄	ဦးမိုးအောင်နိုင်	၇၀၄ အောင်သီရိလမ်း (၂၈)ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၂၀။	ဒေါ်သိန်းအေး	၁၂/တကန(နိုင်)၀၂၈၉၉	ဒဂုံအရှေ့	၄	၈၀၉/ခ	ဒေါ်အမာ	၈၀၉/ခ၊ အကျိုးဆောင်လမ်း (၄)ရပ်ကွက်	ဂရန်ခွဲ

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

(၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာဆုတောင်း

ချစ်ပါပါ **ဒေါက်တာမြင့်ရွှေ**(ဒုတိယညွှန်ကြားရေးမှူး/စီမံချက်မန်နေဂျာ၊ AIDS ရောဂါတိုက်ဖျက်ရေးစီမံချက် ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်)နှင့် ချစ်မေမေ **ဒေါ်ကျော့မြခင်**(စိန်ပန်းခင်းစိန်ရတနာ၊ ရွှေဘုံသာလမ်း)တို့၏ ၁၃-၃-၂၀၁၃ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာမှသည် နောင်ရတုအဆက်ဆက်တိုင်အောင် ကိုယ်စိတ်ချမ်းသာစွာဖြင့် လျှောက်လှမ်းနိုင်ပါစေ-

ချစ်သမီးကြီး - ဒေါက်တာဘုန်းမြတ်ကောင်း-မြပွင့်ဝေ

ချစ်သမီးငယ် - ခိုင်ပွင့်နွယ်(Final Part- 2, M.B.,B.S, UM-1)

အမြန်ပြန်လာပါ

သက်ဆိုင်သူသို့

သား မင်းအမေ သားကိုသတိရတိုင်း ငိုနေတယ်၊ အသက်ကလဲကြီးလာတော့ အရမ်းစိတ်ဆင်းရဲနေတယ်၊ ရောက်ရာအရပ်က ဖုန်းဆက်ပြီး အိမ်ကို အမြန်ပြန်လာပါ။

ဦးကျော်မြင့်

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၃ တိုးချဲ့၊ မြေတိုင်းရပ်ကွက် ၃၃ တိုးချဲ့၊ မြေကွက်အမှတ် ၄၃၆၊ မြေကွက်အမှတ် ၇၉၅၊ မြေဧရိယာပေ ၄၀×၆၀ အကျယ်အဝန်းရှိ ပါမစ်မြေ၊ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အစဉ်အဆက် အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူထားသူ ဦးအေးမင်းမှ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ(LL.B) — **တရားရုံးချုပ်ရှေ့နေ (၄၃၇၃)**

ဒေါ်လှလှခိုင်(LL.B) — **တရားရုံးချုပ်ရှေ့နေ (၅၄၁၀)**

အမှတ် ၉/၁၁၊ အခန်းအမှတ်(၂၀၁ A) ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်

